ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ (8-5-2012) (၇၁၁၄)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အစ္စရေးသံအမတ်ကြီး မစ္စတာ ယာရွန်မေယာ လာရောက်တွေ့ဆုံ ရုပ်မြင်သံကြားထုတ်လွှင့်မှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မီဒီယာကဏ္ဍဆိုင်ရာများ ဆွေးနွေး

နေပြည်တော် မေ ၇

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍများတွင် ပံ့ပိုးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲသတင်းများ ရိုက်ကူးထုတ်လွှင့်ခြင်းဆိုင်ရာ ကိစ္စများနှင့် မီဒီယာကဏ္ဍဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် သတင်းများရိုက်ကူးထုတ်လွှင့်ခြင်းနှင့် မီဒီယာကဏ္ဍဆိုင်ရာများကို အသေးစိတ်ထပ်မံညှိနှိုင်းဆွေးနွေးကြကြောင်း သိရှိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများ၊ အစ္စရေးနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာ-အစ္စရေး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (MIBA) ဥက္ကဋ္ဌ Mr. Doron Landau နှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြားသုံးစွဲပြီး မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော်နေ ယခုနှစ် မူလတန်းကျောင်းသူကျောင်းသားအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ်ခြောက်အုပ်စီ အခမဲ့ဖြန့်ဝေမည်

နေပြည်တော် မေ ၇

နိုင်ငံတော်အနေဖြင့် ငွေကြေးအမြောက်အမြားသုံးစွဲပြီး မသင်မနေရ မူလတန်းပညာရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် ဆရာ ဆရာမများအနေဖြင့် ဤလုပ်ငန်းစဉ်များကို ထိခိုက်စေမည့် အခြားခေါင်းစဉ်ဖြင့် ငွေကြေးကောက်ခံခြင်း၊ ပြင်ပမှ ထုတ်ဝေသည့် Student's Guide များ၊ မှတ်စုတိုများ၊ လေ့ကျင့်ခန်းစာအုပ်များရောင်းချခြင်း စသောလုပ်ရပ်များကို ရှောင်ကြဉ်ပြီး ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျောင်းရန်ပုံငွေများနှင့် ကျောင်းလခကောက်ခံရန် သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံဆောင်ရွက်ကြရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀) ဖွင့်ပွဲအခမ်းအနားတွင် မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတအနေဖြင့် ပညာရေးကဏ္ဍနှင့်ပတ်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ကြောင်း၊ ပညာရေးကဏ္ဍ၏ ဆောင်ရွက်ရမည့် မူဝါဒလုပ်ငန်းစဉ်များကို တိတိကျကျ ထမ်းဆောင်နိုင်ရန်အတွက် ရှင်းရှင်းလင်းလင်း လမ်းညွှန်ပေးခဲ့ပြီးဖြစ်၍ ဆရာ ဆရာမများအနေဖြင့်လည်း တိတိကျကျ နာယူမှတ်သားပြီး လုပ်ငန်းစဉ်များကို မူဘောင်အတွင်းက အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် တာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခင်က ပညာရေးလုပ်ငန်းစဉ်များကို ဗဟိုက သတ်မှတ်ပေးပြီး အောက်ခြေအဆင့်အသီးသီးတို့က အကောင်အထည်ဖော်ဆောင်ရွက်ရသည့် စနစ်ဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၈၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၈-၅-၂၀၁၂[အင်္ဂါနေ့]။

အလှအပကို မြတ်နိုးတန်ဖိုးထား

လူတိုင်းသည် အလှအပကို မြတ်နိုးတတ်ကြပါသည်။ အလှအပကို မမြတ်နိုးသူမှာ ရာနှုန်းအားဖြင့် အလွန်နည်းပါးပါလိမ့်မည်။ ယင်းနည်းပါးလှစွာသောရာနှုန်းသည် အလှအပကိုမမြတ်နိုးသူ (သို့မဟုတ်) ဖျက်ဆီးသူများလည်း ဖြစ်တတ်ပါသည်။

လူတိုင်းသည် မိမိတို့အိမ်တွင် သင့်တင့်သောအဝတ်အစားနှင့် နေကြသည်။ သို့သော် အကြောင်းကိစ္စတစ်ခုခုကြောင့် အပြင်သို့သွားရခြင်း၊ အလုပ်သွားရခြင်း၊ ပွဲလမ်းသဘင်သွားရခြင်းများရှိခဲ့လျှင် ယင်းနှင့်သင့်တင့်လျောက်ပတ်စွာ ဝတ်စားဆင်ယင်ကြရ၏။ သေသပ်သန့်ရှင်းစွာ ဝတ်စားသမှုပြုကြရ၏။ အကြောင်းမှာ လူတိုင်းသည် သပ်ရပ်လှပသော အသွင်ကိုသာ နှစ်လိုကြသောကြောင့်ဖြစ်ပါသည်။

လူတို့သည် မိမိတို့၏တိုက်ခန်းကျဉ်းကျဉ်းကလေးမှာပင် သစ်ပင်ပန်းမန် စိုက်ပျိုးတတ်ကြသည်။ အိမ်ရှေ့ကွက်လပ်ကလေးတွင် ရောင်စုံပန်းအိုးကလေးများ အစီအရီတွေ့ရတတ်၏။ ထို့အတူ မြို့ပြ၏လမ်းများ၊ တံတားများတွင် ညီညာလှပစွာစိုက်ပျိုးထားသည့် သစ်ပင်ပန်းပင်ကလေးများ တွေ့ရ၏။ စိမ်းစိမ်းစိုစို မြက်ခင်းကလေးများ တွေ့ရ၏။ ရေပန်းကလေးများရှိ၏။ အမြင်အာရုံစိတ်ရွှင်လန်းတက်ကြွစရာဖြစ်၏။ အချို့နေရာများတွင် အုတ်တံတိုင်းကြီးများ ခတ်ထား၏။ အချို့နေရာများတွင် သံဆန်ခါကွက်ခြား၍ထား၏။ သူ့နေရာနှင့်သူ အပိုင်းအခြားဖြင့် အကန့်အသတ်ရှိ၏။ ထိုသပ်ရပ်မှု၊ စည်းကမ်းကျနမှုသည် အလှတစ်မျိုး ဖြစ်သည်။

အချို့ကား ကိုယ်တိုင်လည်းအလှအပကိုခံစားတတ်ဟန် မတူ။ ထိန်းသိမ်းဟန်လည်း မရှိ။ လွယ်လင့်တကူ ဖျက်ဆီးချင်သော၊ ဖျက်ဆီးတတ်သောသဘာဝရှိ၏။ လှပစွာရှိနေခြင်းကိုပင် ဝန်တိုမှုလော သို့တည်းမဟုတ် အလှအပကို မခံစားတတ်ခြင်းပေလော၊ လှပသောမြက်ခင်းကလေးများပေါ်တွင် ခြေနှင့်နင်းခြေ၏။ ဖြူစင်သန့်ပြန့်သော နေရာကလေးများတွင် ကွမ်းတံတွေးထွေး၏။ အမှိုက်ပစ်ချ၏။ အချို့က လှပဝေဆာစွာပွင့်နေသော ရောင်စုံပန်းကလေးများအား ချိုးယူ၏။ ခြွေချ၏။ တွေ့ကရာတုတ်ဖြင့် ဝှေ့ယမ်း၏။ ပွင့်ငုံ ပွင့်ဖတ်ကလေးများ မြေတွင် ပြန့်ကျဲကျန်ရစ်ခဲ့ရ၏။

ယခုအခါတွင် Down Town ဧရိယာအတွင်းနေရာအနှံ့တွင် အရောင်စုံဖြင့် ဆေးမှုတ်သည့်အလေ့အထတစ်ခု ခေတ်စားနေသည်ကို တွေ့ရ၏။ ရန်ကုန်မြို့ ပြည်လမ်းတစ်လျှောက် အချို့သောနံရံများတွင်တွေ့ရ၏။ P.C.O ဖုန်းရုံများတွင် တွေ့ရ၏။ Media Corner ဆိုင်များတွင် တွေ့ရ၏။ ဆိုရလျှင် လူမြင်ကွင်းနေရာအတော်များများတွင် တွေ့ရသည်။ ပကတိ သူ့အတိုင်း သန့်ရှင်းလှပစွာရှိနေသောနေရာများကို အချိန်ကုန်ခံ၊ ငွေကုန်ခံ၍ ဆေးမှုတ်နေခြင်းမှာ အဖျက်လော/အပြုလော။

စင်စစ် ဤသို့ပြုမူနေခြင်းမှာ မိုက်ရူးရဲ စိတ်ရူးပေါက်၍လည်း ဖြစ်နိုင်သည်။ လူငယ်တို့သဘာဝ အပျော်အပျက်သဘောမျိုးလည်း ဖြစ်နိုင်ပါသည်။ ပျော်ရွှင်မှုသက်သက်ဆိုလျှင် ပြင်၍ရနိုင်သော်လည်း အပျက်ဘက်သို့ ဦးတည်သွားလျှင် မလိုလားအပ်သော သွင်ပြင်လက္ခဏာမျိုးဖြစ်မည်။ အထူးသဖြင့် လူ့နှလုံးအိမ်တွင် ရစ်နှောင်သိုင်းဖွဲ့နေသည့် အကောင်းမြင်စိတ်ကလေး ပပျောက်သွား၍ ဖြစ်မည်။

ဤနေရာတွင် လူငယ်များကိုချည်း အပြစ်မတင်လိုပါ။ ယင်းကလေးများကို ထုဆစ်ပုံဖော်ရသည့် အုပ်ထိန်းသူ၊ ပဲ့ပြင်သူတို့တွင်လည်း တာဝန်ရှိသည်။ စာသင်ခန်းထဲတွင် သတ်မှတ်ပြဋ္ဌာန်းစာ ကုန်ဖို့သာ အားထုတ်ခဲ့ကြသည်။ ကလေးတို့၏ စာရိတ္တပညာနှင့် ပတ်သက်၍ မည်ရွေ့မည်မျှ ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိ ဖော်ဆောင်နိုင်ခဲ့ကြပါသနည်း။ ဒုတိယတာဝန်ရှိသူမှာ မိဘများကိုယ်တိုင်ပင် ဖြစ်သည်။ အရွယ်ရောက်လာသည့် မိမိသားသမီးများ ဘယ်ရောက်နေသည်၊ ဘယ်သူနှင့် ပေါင်းသင်းနေသည်၊ ဘာလုပ်နေသည်၊ ဘယ်အချိန်မှ ပြန်လာသည် စသည့်ထိန်းကျောင်းမှုများ ရှိစေချင်သည်။

လူတို့၏ ပယောဂမပါခဲ့လျှင် ပသာဒဖြစ်ဖွယ် လှပမှုကလေးများသည် သူ့အတိုင်း ရှိနေပါလိမ့်မည်။ အလှအပကို မြတ်နိုးတန်ဖိုးထားတတ်သည့် စိတ်နှင့်အတူ အကောင်းမြင်တတ်သည့် စိတ်ကလေးများ ပွားများစေချင်ပါသည်။ အလှအပကို မမြတ်နိုးတတ်၊ မထိန်းသိမ်းတတ်သေးလျှင် ဖျက်ဆီးသူများမဖြစ်ကြဖို့ လိုမည်ဖြစ်သည်။ ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O) ဌာနေကိုယ်စားလှယ် Ms.Bui Thi Lan လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား F.A.O ဌာနေကိုယ်စားလှယ် တွေ့ဆုံ

နေပြည်တော် မေ ၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (F.A.O) ဌာနေကိုယ်စားလှယ် Ms. Bui Thi Lan သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် F.A.O တို့ ပူးပေါင်း၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် ဧည့်လမ်းညွှန်အခြေခံသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် မေ ၇

(၄၁)ကြိမ်မြောက် ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၂)ကို ဇွန် ၄ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း ရန်ကုန်မြို့၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို မေ ၁၈ ရက်အထိ အဆိုပါ သင်တန်းကျောင်း၌ လက်ခံမည်ဖြစ်သည်။

ဝင်ခွင့်စာမေးပွဲကို မေ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ (ချစ်ခင်)

စကားဝိုင်းဆွေးနွေး ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

ဖွံ့ဖြိုးရေးပညာရောင်ခြည်အဖွဲ့ (Comprehensive Development Education Centre -CDEC)၏ စီစဉ်မှုဖြင့် မေ ၁၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း စက်မှုဆေးဝါးလမ်းနှင့် ဘုရင့်နောင်လမ်းမကြီးထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ "မတူပေမယ့် အတူတူ" (Building Unity in Diversity) ခေါင်းစဉ်ဖြင့် ဦးတင်မောင်သန်း (လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဝါဒ လေ့လာရေးအဖွဲ့)မှ ဦးဆောင်၍ ဦးဘီလီကံမြတ်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးကျော်ဝွန်းတို့က ရှုထောင့်အမျိုးမျိုးမှ ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၅-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၇း၁၅	ဓမ္မပူဇာတေး
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို
၄း၀၅	အဖွင့်သီချင်း
၄း၂၀	အများအတွက် ကြက်ခြေနီ
၄း၃၀	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၃၅	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း(၁၀၄)**
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	အမျိုးသားရေးတေးကဗျာ
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို အပိုင်း(၁၅)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ဟာသရုပ်စုံ -သီချင်းလက်ဆောင် -ယနေ့ညအတွက် မြဝတီ၏ -တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၁၉)** -Mini Series

(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ညွန့်လှိုင် အမှာစကားပြောကြားစဉ်။ (၂၄၇)

ယနေ့ ဖတ်စရာ မှတ်စရာ — **တင်မောင်ဌေး(သန်လျင်)**

လူငယ်နှင့်စာပေ

'လူငယ်နှင့်စာပေ'ဟု ဆိုရာတွင် ယနေ့လူငယ်များအနေဖြင့် အများစုမှာ စာပေနှင့်ကင်းကွာနေသကဲ့သို့ဖြစ်နေကြသဖြင့် စာပေဟူသည် လူငယ်များအတွက် အဖိုးထိုက်တန်ကြောင်းနှင့် ထိတွေ့မှု အမြဲရှိနေရန်လိုအပ်ကြောင်း တင်ပြလိုပါသည်။ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေးစသည့်လူ့ဘဝ၏ အရေးပါသောအရေးတို့၌ စာပေသည် အဓိကကျသည်ကို ငြင်း၍မရချေ။ မိမိ၏ အတွေးအခေါ်သည် မည်မျှပင် မှန်ကန်သည်၊ ဖြောင့်မတ်သည်ဆိုသော်လည်း အပြည့်အစုံမှန်ကန်ခြင်း၊ ဖြောင့်မတ်ခြင်း မဖြစ်နိုင်ပေ။ အနည်းအကျဉ်းတော့လိုအပ်မည်။ ထိုလိုအပ်မှုသည် အဘယ်မှာ ရှိသနည်း။ စာပေတွင်ရှိပေသည်။

ဤသို့ဆိုလျှင် တိုးတက်သည့်ယနေ့ခေတ်ကာလ၏ အနေအထား၌ ခေတ်လူငယ်များအဖို့ စာပေလေ့လာမှုရှိဖို့ လိုအပ်ပေမည်။ မိမိတတ်မြောက်ထားသည့် ပညာအမြင်၊ သိထားသည့် အတွေးအခေါ်တို့အား စာပေဖြင့် ပူးပေါင်းမည်ဆိုလျှင် ပြီးပြည့်စုံမည်သာ။ စာပေဆိုသည်ကလည်း အကျိုးပြုစာပေ၊ အကျိုးမဲ့စာပေဟူ၍ ရှိပြန်ရာ အကျိုးပြု၊ အကျိုးရှိစာပေများအား ရွေး၍ လေ့လာရန်လိုအပ်ပေသည်။ လူငယ်ဟူသည် ထက်မြက်သည်။ အရာရာကိုစူးစမ်းလေ့လာချင်သည်။ သို့သော် မိမိသိထားသည့်အတွေးအခေါ်ဖြင့် အရာရာကို စူးစမ်းလေ့လာလျှင် အောင်မြင်သည့်အခါလည်း ရှိသည်။ မအောင်မြင်သည့်အခါလည်း ရှိသည်။

မအောင်မြင်သည့်ဖြစ်ရပ်မျိုး၌ မိမိ၏တွေးခေါ်မှုကို စာပေဖြင့်ပေါင်းစပ်၍ ပြုလုပ်မည်ဆိုလျှင် အောင်မြင်ရမည် ဖြစ်သည်။ စာပေ၏ လေ့လာလိုက်စားမှုတို့တွင်လည်း နယ်ပယ်ကျယ်ဝန်းလှသည်။ တိုးတက်နေသည့်ယနေ့ခေတ်ကာလ၌ စာပေအခန်းကဏ္ဍသည် ကျယ်ပြန့်လှပေသည်။ ယခင်က စာအုပ်အရောင်းဆိုင်တစ်ဆိုင်ကို ဝင်ရောက်ကြည့်ရှုလေ့လာမည်ဆိုလျှင် ကာတွန်း၊ ဝတ္ထုနှင့် ဘာသာရေးစာစောင် မဂ္ဂဇင်းတို့သာ တွေ့ရသည်။ ယနေ့ခေတ်၌မူ လူမှုရေးနှင့်ပတ်သက်လျှင်လည်း ဖတ်စရာ မှတ်စရာ စုံလင်လှသည်။ ဘာသာရေးတွင်လည်း ထို့အတူပင်ဖြစ်သည်။ ပညာရေးနှင့် အခြား ဗဟုသုတဆိုင်ရာတို့၌လည်း စာအုပ်စာပေတို့မှာ အမျိုးစုံလှသည်။

ပြည်တွင်းရှိပညာရှင်ကြီးများ၏ စာအုပ်စာပေများ၊ ပြည်ပနိုင်ငံများမှ စာပေပညာရှင်တို့၏ ရေးသားထားသည့် စာအုပ်စာပေများ စုံစုံလင်လင်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် စာပေနှင့်ပတ်သက်၍ လိုလေသေးမရှိပြည့်စုံသည့် ယနေ့ခေတ်ကာလ၌ လူငယ်များအနေဖြင့် စာပေကိုလေ့လာလိုက်စားဖတ်ရှုသင့်ပေသည်။ ထိုသို့ဖတ်ရှုလေ့လာခြင်းဖြင့် မိမိ၏ ပညာရေး၊ လူမှုရေး၊ ဘာသာရေးတို့အတွက် လိုအပ်သည့် အထောက်အထားများ ရရှိနိုင်မည်သာဖြစ်သည်။ လူငယ်တို့အနေဖြင့် မိမိတို့၏ တိုးတက်နေသော ခေတ်ကာလ၌ သုတအစုံအလင်ပေးစွမ်းနိုင်သည့် စာပေစာကောင်းမွန်တို့အား မိမိအသိ၊ မိမိအတွေးအခေါ်တို့ဖြင့် ပူးပေါင်းလေ့လာ၍ တိုးတက်အောင်မြင်အောင်ကြိုးစားကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၄. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၉၉၅၀	၀. ၀၃၂၂၆
တရုတ် (ယွမ်)	၆. ၂၈၈၆၀	၀. ၁၅၉၀၂
အိန္ဒိယ (ရူပီး)	၅၂. ၉၀၅၀	၀. ၀၁၈၉၀
မလေးရှား (ရင်းဂစ်)	၃. ၀၅၅၀၅	၀. ၃၂၇၃၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၅၉၆	၀. ၈၀၂၆၀
ဂျပန် (ယန်း)	၇၉. ၈၉၇၀	၀. ၀၁၂၅၂
တောင်ကိုရီးယား(ဝမ်)	၁၁၃၅. ၅၅	၀. ၀၀၀၈၈
ယူရို	၀. ၇၆၆၄၇	၁. ၃၀၄၆၉
ဗြိတိသျှ (ပေါင်)	၀. ၆၁၈၇၈	၁. ၆၁၆၀၉

အင်တာနက်။

◆ ရှေ့ဖုံးမှ

ယနေ့အခါတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ခြေအဆင့်အသီးသီးက ပညာရေးဝန်ထမ်းများကိုယ်တိုင် ပါဝင်ဆွေးနွေးဆုံးဖြတ်ပြီး လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းလုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာနှင့် လုပ်ငန်းစာတမ်းများအပေါ် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကို ၂၀၁၂ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ပညာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ရေး၊ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြားရေး၊ အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်အချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားရေး အစရှိသည့် လုပ်ငန်းစာတမ်းလေးစောင်ကိုလည်း တင်သွင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ ပညာရေးဆိုင်ရာ လမ်းညွှန်ချက်(၁၀)ရပ်အပေါ် လုပ်ငန်းလမ်းညွှန်ချက်တစ်ခုချင်းအလိုက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆရာ ဆရာမများအနေဖြင့် တိကျစွာလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

၂၁ ရာစုအချိန်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူသားအရင်းအမြစ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်၌ လုံးဝတည်မှီနေကြောင်း၊ မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်သည့်နေရာတွင် ပညာပေးသော နည်းလမ်း၊ စီမံခန့်ခွဲရေးနည်းလမ်း၊ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်းနည်းလမ်းများနှင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသင်မနေရ ပညာရေးစနစ်ကို ဦးတည်ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်းအဆင့်၌ တက်ရောက်သင်ကြားမည့် ကျောင်းသား ကျောင်းသူများအားလုံးအတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနှင့် လေ့ကျင့်ခန်းစာအုပ်ခြောက်အုပ်စီကို နိုင်ငံတော်က အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်များ၌ ပညာရည်ထူးချွန်သည့်ကျောင်းသား ကျောင်းသူများအား အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာသင်ဆုများနှင့် အခြေခံပညာအဆင့်အလိုက် အတန်းအားလုံးတွင် ပညာရည်ထူးချွန်ပြီး ကျောင်းဆက်လက်တက်ရောက်ရန် အခက်အခဲရှိသူများအား ပညာသင်ထောက်ပံ့ကြေးဆုတို့ကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး နိုင်ငံတော်က နှစ်စဉ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။

နိုင်ငံတိုင်းတွင် အခြေခံပညာရေး၏ ရည်မှန်းချက်သည် အဓိကအားဖြင့် နိုင်ငံ့သားကောင်း ဖြစ်ရေးဆိုသည့်အချက်ထည့်သွင်းထားသည်။ ကျောင်းသား ကျောင်းသူများအား နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်အတွက် လေ့ကျင့်သင်ကြားပေးသည့် သင်ခန်းစာအများစုက တွဲဖက်သင်ရိုးဘာသာရပ်များထဲတွင် ပါဝင်သည်။ ဆရာ ဆရာမများအနေဖြင့် စာပေဘာသာရပ်များသာမက တွဲဖက်သင်ရိုးဝင်ဘာသာရပ်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ အပြည့်အဝလေ့ကျင့်သင်ကြားပေးရန် လိုအပ်ပြီး အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်စာသင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရန် လိုအပ်သည်။

မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးလေ့လာသုံးသပ်ရေး (Comprehensive Education Sector Review-CESR) လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အားနည်းချက်/လိုအပ်ချက်ရှိသည့် လုပ်ငန်းများ၌ စီမံချက်များရေးဆွဲပြီး နိုင်ငံတော်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရေးစေတနာရှင်များ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးရေးကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်သည်။

ဆရာ ဆရာမများအနေဖြင့် လေ့ကျင့်သင်ကြားပေးရာတွင် ကျောင်းသား ကျောင်းသူများက ကိုယ်တိုင်သင်ယူလိုစိတ်နှင့် ကိုယ်တိုင်ပါဝင်သင်ယူလာအောင် တစ်ဦးချင်းစီ၏ ပင်ကိုဗီဇ အထုံပါရမီဝါသနာနှင့် လိုက်လျောညီထွေရှိပြီး လက်တွေ့ဘဝတွင် ဆက်စပ်အသုံးချနိုင်မည့် ချဉ်းကပ်နည်းများနှင့် လေ့ကျင့်သင်ကြားပေးကြရန်နှင့်မသင်မနေရပညာရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိကျရာ အခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်သည်။

ကလေးများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ရက်သတ္တပတ်သင်ချိန်ဇယားတွင် သင်ကြားရန်သတ်မှတ်ထားသည့် ဘာသာရပ်နှင့် သင်ခန်းစာများသည် အခြေခံပညာကျောင်းသား ကျောင်းသူများ၏ နိုင်ငံ့သားကောင်း အရည်အသွေးပြည့်ဝရေးအတွက် ဘက်စုံထောင့်စုံအောင် ဖြည့်ဆည်းပေးထားခြင်းဖြစ်သည့်အတွက် အခြေခံပညာအဆင့်အလိုက် ရက်သတ္တပတ်သင်ချိန်ဇယားနှင့်အညီ လေ့ကျင့်သင်ကြားပေးကြရန်လိုအပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးခင်မောင်အေးနှင့်တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမသင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၄ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

သူ့အမြင် သူ့အတွေး

စိတ်ဓာတ် = ခွန်အား

စိတ်ဓာတ်ပြင်းထန်လျှင် မိုးပျံမြေလျှိုးနိုင်သည်ဟု ပြောကြသည်။

စိတ်ဓာတ်ပြင်းထန်သူတို့ ဧဝရက်တောင်ထိပ်ကို တက်နိုင်ကြသည်။ လကမ္ဘာပေါ် အရောက်သွားကြသည်။ ကိုယ်လက်အင်္ဂါ ချို့ယွင်းလျက် စွမ်းဆောင်နိုင်မှုကို ပြကြသည်။ စိတ်ဓာတ်သည် ခွန်အားဖြစ်သည်။

နောင်ရိုးတိုက်ပွဲတွင် ဖောင်ဖျက်ပြီးတိုက်ခဲ့သဖြင့် ဘုရင့်နောင် အောင်မြင်မှုရခဲ့သည်။ အလောင်းဘုရား၊ ဗန္ဓုလ စသည်တို့သည်လည်း စိတ်ဓာတ်ခွန်အားများကို အသုံးပြုခဲ့ကြရသည်။

လူတစ်ယောက်သည် အောက်ခြေမှ အထက်ရောက်လာလျှင် ပြုပြင်ထိန်းသိမ်းရသည်များရှိသည်။ စိတ်ဓာတ်များကို ပြင်ရသည်။ ဟိုတယ်ပေါ်ရောက်လာသောသူသည် ကွမ်းတံတွေးထွေးနေ၍ မရကြောင်းတော့ သိသည်။ လမ်းပေါ်အိပ်၊ လမ်းပေါ်စားခဲ့သူသည် အဆင့်မြင့်တိုက်ခန်းများတွင် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရမည်၊ ပြုပြင်ရမည်ကိုသိသည်။

စင်ကာပူသားတို့သည် စည်းကမ်းရှိသည်ဟု ကြားသိရသည်။ စိတ်ဓာတ်ကို ပြင်ထား၍ ဖြစ်သည်။ စိတ်ဓာတ်ကိုပြစ်ဒဏ်ဖြင့် ပြင်၍ရသည်မဟုတ်၊ စိတ်ဓာတ်ကို အဆင့်မြှင့်ပြီး ပြင်ကြရသည်။

ယနေ့ ကျွန်တော်တို့ နိုင်ငံသည် အလားအလာအားကောင်းသော နိုင်ငံဖြစ်လာပြီ။ တစ်ကမ္ဘာလုံးက ဖက်လဲတကင်း ပြုလာကြသည်။ ဧည့်သည်တွေ အများကြီးဖြင့် အိမ်သာယာနေပြီဖြစ်သည်။ အားလုံးကလည်း ချီးကျူးကြသည်။ ချဉ်းကပ်ကြသည်။ ကျွန်တော်တို့ စိတ်ဝင်စားသင့်သည်။ စိတ်ဓာတ်မြင့်နေသင့်သည်။ စိတ်ဓာတ်မြင့်ခြင်းသည် မာနမြင့်ခြင်း မဟုတ်။

စိတ်ဓာတ်ခွန်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်၍ ရနိုင်သည်။ စိတ်ကြီးဝင်၍ စိတ်ဓာတ်မြှင့်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

သန်းငြိမ်းအောင်(ပညာရေး)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၇) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၅၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ စောရန်နိုင် (မန်ကျည်းစောက်)၊ မင်းသွေးနွယ် (ဇီးကုန်း)၊ မောင်သာချစ်(ဝက်လက်)၊ ပုလော-စိုးနှံ့သာ၊ အောင်သာဆန်း(သံတွဲ)၊ ကြည်မျိုးထက် (ဒိုက်ဦး)၊ မြသိင်္ဂီ၊ မြတ်ဘုန်း(တပ်ကုန်း)တို့၏ အဖွင့်ကဗျာများ၊ မြင့်သိန်းအောင်၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊စစ်ကိုင်းစိမ်းစိမ်း၊ ဇေယျာအောင်(MU)၊တင်အေးကျော်(သာယာဝတီ)၊ ကျော့ဝင်း(မိုးညှင်း)၊ ပြုံးချို (ဝါးခယ်မ)၊ မောင်အောင်မြင်(မိတ္ထီလာ)၊ စိန်သောင်း(အောင်သာရွာ)၊ တွန်းအားရှင်၊ လယ်ကိုင်းလှဘုန်း၊ ဦးဇော်ဝင်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ မောင်မြထွေး (ပင်လယ်)၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ထွန်းလင်း (မြင်းမူ)နှင့် မွှေးငယ်ငယ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မလေး(မုံရွာ)၊ တင့်ထွန်း(ချောက်)၊ ရွှေခြံဆွေဦး၊ နန်းနန်း၊ ဒေးပုလဲ၊ မောင်မောင်ကြည်သန့် (ရတနာမြေ)နှင့် မြင့်လွင် (ဂျပန်ဘာသာ)တို့၏ အခန်းဆက် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဘာသာပြန်ဝတ္ထုတိုများ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ သတ်ပုံကဗျာ၊ တောဝေလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်၊ ရသစာနှုခံစားမှု၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသား၊ ရုပ်ရှင်၊ ဗီဒီယိုကဏ္ဍနှင့် ပုံပြင်ကဏ္ဍစုံလင်စွာဖြင့် ဖတ်ရှုချင်စဖွယ် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် (၅၂၉)ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဖုန်း-၀၁-၃၇၄၅၃၂၊ ၀၉-၇၃၂၀၁၉၂၂ နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (၂) ရန်ကင်းကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြားသစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၁၁ တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲအပိုင်း(၁)နှင့် အပိုင်း(၂)ထွက်ရှိ

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲ အပိုင်း(၁)နှင့် အပိုင်း(၂) စာအုပ်နှစ်အုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ စာအုပ်နှစ်အုပ်ဟုဆိုသော်လည်း တစ်အုပ်တည်းသာဖြစ်သည်။ စာမျက်နှာပေါင်း ၁၁၈၀ ပါဝင်သဖြင့် စာဖတ်သူပရိသတ်တို့ လေ့လာလျှင် လွယ်ကူစေရန် နှစ်အုပ်ခွဲ၍ထုတ်ဝေရခြင်း ဖြစ်သည်။ ၂၀၀၉ ဇန်နဝါရီလမှ ၂၀၁၁ မတ်လအထိ မြန်မာနိုင်ငံ၏ နေ့စဉ်ဖြစ်ရပ်များကို တစုတစည်းတည်း ဖတ်ရှုနိုင်ရန် ပေါင်းစုထားခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အုပ်ချုပ်ရေးကာလမှသည် ရွေးကောက်ပွဲကျင်းပခဲ့သည့် ဖြစ်စဉ်များနှင့်အတူ ပြောင်းလဲပေါ်ထွန်းလာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် စတင်သည်အထိ စုဆောင်း၍မှတ်တမ်းတင်ထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာပြီး မြန်မာနိုင်ငံ သမိုင်းကဏ္ဍသစ်တစ်ရပ် ဖွင့်နိုင်ခဲ့သည်အထိ သိရှိနိုင်သည်။

၂၀၀၉ ဇန်နဝါရီလမှ ၂၀၁၁ မတ်လအထိဖြစ်ရပ်ဖြစ်စဉ်များအပေါ်တွင် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် ထုတ်ပြန်ပေးခဲ့သော ဥပဒေများ၊ ကြေညာချက်များ၊ ဖွဲ့စည်းခြင်းများ၊ ခန့်အပ်တာဝန်ပေးခြင်းများ စသည်တို့ကို နောက်ဆက်တွဲ အပိုင်း(၂)အဖြစ် ဖော်ပြထားသည်။

ယခုထုတ်ဝေသော မြန်မာ့ရက်စဉ်သမိုင်း တတိယတွဲ အပိုင်း(၁)နှင့် အပိုင်း(၂) စာအုပ်ကို နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနနှင့် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ဝင်းအတွင်းရှိ သမိုင်းသုတေသနဦးစီးဌာနတို့တွင် ဝယ်ယူနိုင်ကြောင်း၊ အပိုင်း(၁) တန်ဖိုး ကျပ် ၃၀၀၀၊ အပိုင်း(၂) တန်ဖိုး ကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန်(အင်္ဂလိပ်စာ)



အလင်းသစ်စာတည်းအဖွဲ့က ရေးသားထားသော အလင်းသစ်အရာရှိငယ် ဝင်ခွင့်လမ်းညွှန်(အင်္ဂလိပ်စာ)စာအုပ်ကို ပထမအကြိမ်အဖြစ် အလင်းသစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

နည်းပြ၊ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း-၁၊ ဥပဒေအရာရှိအဆင့်-၄၊ ဒုတိယမြို့နယ်တရားသူကြီးများ၊ ဒုတိယဦးစီးမှူးများ၊ ဒုတိယအကောက်ခွန်မှူးများ၊ ဒုတိယစီမံကိန်းမှူးများနှင့် ဌာနဆိုင်ရာအရာရှိငယ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုမည့်သူများအတွက် ရည်ရွယ်ထုတ်ဝေထားခြင်းဖြစ်သည်။ ဌာနအသီးသီးမှ မေးခွန်းဟောင်းများ၊ Comprehension ဖြေဆိုပုံ ဖြေဆိုနည်းများနှင့် လေ့လာရမည့်သင်ခန်းစာများ၊ For or Against နှင့် Essay ကဏ္ဍများအတွက် မေးလေ့မေးထရှိသည့် ခေါင်းစဉ်များနှင့် ခေတ်နှင့်လျော်ညီစွာ လေ့လာထားရမည့် ခေါင်းစဉ်များပါဝင်သည်။ အရာရှိငယ်ဝင်ခွင့်စာမေးပွဲများတွင် အင်္ဂလိပ်စာဘာသာ အခက်အခဲတွေ့နေသူများအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

အလင်းသစ်စာပေ တိုက်-၆ အခန်း(၄၀၄) ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

Ayeyarwaddy International School
ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းအမည်ဆုပေးပွဲကျင်းပ

နေပြည်တော် မေ ၇

Ayeyarwaddy International School ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းအမည်ဆုပေးပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၅၂)လမ်း၊ (၃၄)လမ်းနှင့် (၃၅)လမ်းကြားရှိ အဆိုပါကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ Ayeyarwaddy International School စီအီးအို ဒေါ်ကောင်းဆိုင်မေ၊ ကျောင်းအုပ်ကြီး DR. Gary E. Robson နှင့် ဒါရိုက်တာ ဦးဇော်ဇော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းအမည်ပေးပြိုင်ပွဲ ပထမဆုရှင် မနှင်းယုသောင်းအား ငွေကျပ် ၁၀ သိန်းနှင့် Air Con တစ်စုံကိုလည်းကောင်း၊ ဒုတိယဆုရရှိသူနှစ်ဦးအား ငွေကျပ်ငါးသိန်းစီကိုလည်းကောင်း၊ အခြားဆုရရှိသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Ayeyarwaddy International School ကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် အကောက်ခွန် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေး(16th Coordinating Committee on Customs)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(ဓါပုံ)**

အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်ရန်အတွက် အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက် အစီအစဉ် ၁၅ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း အကောက်ခွန်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ခေတ်မီအကောက်ခွန်ဖြစ်ပေါ်စေရေးတို့အတွက် ကောင်းမွန်တိုးတက်သော လုပ်ငန်းစဉ်များဖြစ်ပေါ်စေရန်ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်းနှင့် အစည်းအဝေးကို မေ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြင်သစ်တပ်ဖွဲ့၏ စစ်ရေးတာဝန်ကို အာဖဂန်တပ်ဖွဲ့ လွှဲယူနိုင်ဟုဆို

ကဘူး မေ ၇

ပြင်သစ်သမ္မတအဖြစ် ရွေးချယ်ထားခြင်းခံရသော ဖရန်ဆွာဟိုလန်ဒဲ၏ ပြင်သစ်တပ်ဖွဲ့များ အချိန်စောစွာ ထွက်ခွာခွင့်ပြုရန် မေတ္တာရပ်ခံချက်ကို တုံ့ပြန်သောအားဖြင့် အာဖဂန်တပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ်တွင် လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

ဟိုလန်ဒဲသည် သမ္မတမဲဆွယ်ပွဲ လှုပ်ရှားခဲ့စဉ်က အာဖဂန်နစ္စတန်နိုင်ငံမှ ပြင်သစ်စစ်သည်များကို ယခုနှစ်အတွင်း ပြန်လည်ခေါ်ယူပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အာဖဂန်တို့ကို နေတိုးတပ်ဖွဲ့က လုံခြုံရေးတာဝန် လွှဲပြောင်းပေးမည့် အစီအစဉ်ထက် အချိန်ကာလ နှစ်နှစ်စောစွာ ရုပ်သိမ်းခြင်းဖြစ်သည်။

သို့သော် အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြင်သစ်တပ်များ ရုပ်သိမ်းခြင်းသည် စောလွန်းကြောင်း အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ **အင်တာနက်။**

ရုရှားနိုင်ငံ မော်စကိုမြို့တော် ကရင်မလင်နန်းတော်၌ ကျင်းပသော သမ္မတရာထူး လက်ခံပွဲတွင် ဝန်ကြီးချုပ် ဗလာဒီမာပူတင် ကျမ်းသစ္စာ ကျိန်ဆိုစဉ်။

ရုရှားဝန်ကြီးချုပ်ပူတင် သမ္မတရာထူးလက်ခံရန် ကျမ်းသစ္စာကျိန်ဆို

မော်စကို မေ ၇

ရုရှားနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပြီးဖြစ်သည့် ဝန်ကြီးချုပ်ဗလာဒီမာပူတင်သည် သမ္မတရာထူးလက်ခံရန်အတွက် မေ ၇ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

ပြည်သူများ၏ လွတ်လပ်မှုနှင့်အခွင့်အရေးများကို ကာကွယ်ပေးရန်နှင့် လေးစားပေးရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတတစ်ဦးအနေဖြင့် မိမိသစ္စာပြုကြောင်း ရုရှားနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေစာအုပ်ပေါ်တွင် ယာဘက်လက်တင်ကာ ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မော်စကိုမြို့တော် ကရင်မလင်နန်းတော်၌ ကျင်းပသည့် ဗလာဒီမာပူတင်၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အသိသက်သေပြုရန်အတွက် အီတလီဝန်ကြီးချုပ်ဟောင်း ဆဲလ်ဗီယိုဘာလူစကိုနီ အပါအဝင် ဧည့်သည်တော် ၂၀၀၀ မျှ တက်ရောက်ခဲ့ကြောင်း အာရ်အေအိုင်နိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်ပူတင်သည် လေးနှစ်သက်တမ်းရှိ ရုရှားသမ္မတရာထူး၌ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ကြိမ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု တတိယအကြိမ်ဖြစ်သော သမ္မတရာထူးတွင် ခြောက်နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

သမ္မတရာထူးသက်တမ်းကို လေးနှစ်မှ ခြောက်နှစ်အထိ တိုးမြှင့်ရန် ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၂၀၀၈ ခုနှစ်တွင် ပြင်ဆင်ခဲ့သည်။

ဗလာဒီမာပူတင်၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ရုရှား အော်သိုဒေါ့စ်ခရစ်ယာန်ကျောင်းတော်မှ ဂိုဏ်းအုပ်ဘုန်းတော်ကြီးလည်း တက်ရောက်ခဲ့ပြီး ကောင်းချီးမင်္ဂလာပေးခဲ့ကြောင်း သိရသည်။ အင်တာနက်။

အိန္ဒိယစစ်သင်္ဘောများ တရုတ်နိုင်ငံ၌ ဝင်ရောက်ဆိုက်ကပ်မည်

နယူးဒေလီ မေ ၇

နှစ်နိုင်ငံအကြား တရားဝင် ပင်လယ်ရေကြောင်းဆိုင်ရာ ဆက်ဆံရေး ရေရှည်တည်တံ့နိုင်ရန်အတွက် အိန္ဒိယရေတပ်စစ်သင်္ဘောများသည် တရုတ်နိုင်ငံ ရှန်ဟိုင်းဆိပ်ကမ်းသို့ ယခုလနှောင်းပိုင်းတွင် ဝင်ရောက်ဆိုက်ကပ်သွားမည်ဖြစ်ကြောင်း မေ ၆ ရက်သတင်းများ၌ ဖော်ပြသည်။

အာရှအင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယတို့သည် ကမ်းလွန်ရေပြင်များအတွင်း ရေကြောင်းဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုများအား ရှောင်ရှားနိုင်ရေးအတွက် ပင်လယ်ရေကြောင်းဆိုင်ရာ နှစ်နိုင်ငံဆွေးနွေးပွဲကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ရေတပ်ဌာနချုပ်မှ စစ်သင်္ဘောလေးစင်းတို့သည် နှစ်လကြာ ရေတပ်ခရီးစဉ်အဖြစ် အရှေ့ဖျားဒေသ ဂျပန်နိုင်ငံအထိ သွားရောက်ရန်အတွက် မေ ၇ ရက်တွင် အိန္ဒိယနိုင်ငံမှ စတင်ထွက်ခွာမည်ဖြစ်သည်။

အိန္ဒိယရေတပ်သင်္ဘောအုပ်စုသည် မလက္ကာရေလက်ကြားနှင့် တောင်တရုတ်ပင်လယ် ရေလမ်းကြောင်းများတစ်လျှောက် ဖြတ်သန်း၍ တရုတ်နိုင်ငံအပြင် မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့ပါ ဝင်ရောက်ရပ်နားဆိုက်ကပ်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ခရီးစဉ်လှည့်လည်လျက်ရှိသည့် တရုတ်ရေတပ်သင်္ဘော ကျန်ဟီသည် မေ ၉ ရက်တွင် အိန္ဒိယနိုင်ငံ ကိုချီဆိပ်ကမ်း၌ ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ရာ အပြန်အလှန်အနေဖြင့် အိန္ဒိယရေတပ်သင်္ဘောများကလည်း တရုတ်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အင်တာနက်။

တောင်ကိုရီးယားနှင့် အမေရိကန်လေတပ်များ ပူးပေါင်းစစ်ရေးလေ့ကျင့်

ဆိုးလ် မေ ၇

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်၌ တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံလေတပ်များ ပူးပေါင်း၍ မြောက်ကိုရီးယား၏ ကျူးကျော်မှုကို ဟန့်တားရန်ရည်ရွယ်သည့် အဓိကလေကြောင်း စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို မေ ၇ ရက်တွင် စတင်ပြုလုပ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

Max Thunder ဟု အမည်ပေးထားသည့် လေကြောင်းစစ်ရေးလေ့ကျင့်မှု အစီအစဉ်မှာ နှစ်စဉ်ပြုလုပ်မြဲဖြစ်ပြီး မေ ၁၈ ရက်ထိတိုင် ပြုလုပ်သွားမည်ဖြစ်သည်။

ယခုနှစ် လေ့ကျင့်မှုတွင် လေယာဉ်စင်းရေ ၆၀ခန့် ပါဝင်ပြီး ယင်းတို့ထဲတွင် ဂျက်တိုက်လေယာဉ်များ၊ ကေစီ-၁၃၅ ဆီဖြည့်လေယာဉ်များနှင့် အေဝက်စ်အမျိုးအစား ကင်းထောက်လေယာဉ်များပါဝင်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံ လေတပ်ဖွဲ့များအနေဖြင့် စစ်ပွဲဖြစ်ပွားသည့် အခြေအနေတွင်ရှိမည့် ၎င်းတို့၏ လေကြောင်းပစ်ခတ်နိုင်အားကို ပြသမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် တောင်ကိုရီးယား လေယာဉ်မှူးများသည် ရန်သူ၏ ကျူးကျော်ရန်စမှု မူလအစကို တိကျစွာချေမှုန်းတိုက်ခိုက်ရန် လေ့ကျင့်ထားပြီးဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့သည့် “Max Thunder” လေကြောင်းစစ်ရေးလေ့ကျင့်မှုများအနက် ယခုနှစ်ကျင်းပသော လေ့ကျင့်မှုမှာ ပမာဏအားဖြင့် အကြီးမားဆုံးဖြစ်သည်ဟု တောင်ကိုရီးယားလေတပ် ပြောရေးဆိုခွင့်ရှိသူက အေပီသတင်းဌာနသို့ ပြောကြားခဲ့သည်။ **အင်တာနက်။**

ဂျပန်နိုင်ငံ စာသင်ကျောင်းအချို့ဝန်းကျင်၌ ရေဒီယိုသတ္တိကြွမှု မြင့်တက်နေ

ကိုရီယာမာ မေ ၇

မြေငလျင်နှင့် ဆူနာမီကပ်ဘေးများကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ ပျက်စီးသွားခဲ့ပြီးနောက် နယ်မြေဒေသတစ်ခုတည်းအတွင်းရှိ ကျောင်းပေါင်း ၂၆ ကျောင်းတွင် ရေဒီယိုဓာတ်ရောင်ခြည် ပျံ့လွင့်နေကြောင်း လူမှုရေးအဖွဲ့တစ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

ကိုရီယာမာမြို့အတွင်းမှ ကျောင်းများ၌ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပေါ်နေခဲ့သည့် သတင်းအချက်အလက်များကို မြူနီစီပယ်ပညာရေးအဖွဲ့၏ မှတ်တမ်းများမှတစ်ဆင့် ရရှိခဲ့ခြင်းဖြစ်သည်ဟု ကျိုဒိုသတင်း ဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

ဇန်နဝါရီလအတွင်း၌ ပညာရေးအဖွဲ့က ကလေးထိန်းကျောင်းများ၊ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများကို စစ်ဆေးခဲ့ရာတွင် ကျောင်းအဆောက်အအုံများ၏ ရေသွန်မြောင်းများ၊ ခြံစည်းရိုးများနှင့် ရေနုတ်မြောင်းများတွင် ဓာတ်ရောင်ခြည်များ ပျံ့လွင့်နေသည်ကို တွေ့ခဲ့ရသည်။ ကျောင်းအဆောက်အအုံပတ်လည် မြေကွက်နှင့် စာသင်ခန်းများကိုမူ စမ်းသပ်မှုမပြုခဲ့ကြောင်း၊ ယင်းတို့ကို အချိန်မှန်မှန် စစ်ဆေးလျက်ရှိခြင်းကြောင့်ဖြစ်ကြောင်း ကျိုဒိုက ဖော်ပြသည်။

ယင်းသို့ စမ်းသပ်စစ်ဆေးခဲ့ရာ အနည်းဆုံး မူလတန်းကျောင်း ၁၄ ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ ကလေးထိန်းကျောင်း ငါးကျောင်းတို့တွင် ရေဒီယိုသတ္တိကြွမှုကို တွေ့ခဲ့ရသည်။ ယင်းကျောင်းများ၌ တဖြည်းဖြည်းစုစည်းဖြစ်ပေါ်နေသော ရေဒီယိုသတ္တိကြွမှု ပမာဏသည် တစ်နာရီလျှင် ၂၀ မီလီစီးဗတ် (သို့မဟုတ်) ၃ ဒသမ ၈ မိုက်ခရိုစီးဗတ်ကျော်ရှိသည်။

ယမန်နှစ် နျူကလီးယား ဘေးအန္တရာယ်၏ နောက်ဆက်တွဲအဖြစ် ကျောင်းသားများကို ကျောင်းပတ်ပတ်လည် မြေကွက်၌ တစ်ရက်လျှင် ကစားချိန် သုံးနာရီထက် မကျော်စေရဟု ကန့်သတ်ထားသည်။

ဧပြီလမှ စတင်သည့် ယခုနှစ် ပညာသင်နှစ်တွင် အဆိုပါကန့်သတ်ချက်ကို ပညာရေးအဖွဲ့က ရုပ်သိမ်းခဲ့သည်။

လူမှုရေးအဖွဲ့က ယင်းကန့်သတ်ချက် စည်းမျဉ်းကို ပြန်လည်ကျင့်သုံးရန် ပညာရေးအဖွဲ့အား တောင်းဆိုလျက်ရှိသည်။

အင်တာနက်။

ဘူလ်ဂေးရီးယား ဆိပ်ကမ်းမြို့တစ်မြို့၌ ကိုကင်း ၆၇ ကီလိုဂရမ် ဖမ်းမိ

ဆိုဖီယာ မေ ၇

ဘူလ်ဂေးရီးယားအကောက်ခွန်ဌာနသည် မြို့တော်ဆိုဖီယာ၏ အရှေ့မြောက်ဘက် ၃၁၂ ကီလိုမီတာခန့်တွင် တည်ရှိသော ဒင်ညူမြစ်ဆိပ်ကမ်း ရိုစ်အိစ်၌ ကိုကင်း ၆၇ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း တာဝန်ရှိသူများက မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

တရားမဝင် မူးယစ်ဆေးဝါးများကို အာဂျင်တီးနားနိုင်ငံမှ နယ်သာလန်နိုင်ငံသို့ တင်ပို့သော သီးနှံခြွေစက်ထဲတွင် မေ ၅ ရက်ညပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း အကောက်ခွန်ရုံးမှ အဖွဲ့ခေါင်းဆောင် ဗီစီလန်ဂျော်ဂျစ်မ်က ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို အထုပ် ၆၆ ထုပ်ခွဲ၍ သီးနှံခြွေစက်၏ လျှို့ဝှက်သေတ္တာထဲတွင် ဝှက်၍ထည့်ထားသည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယားနိုင်ငံသည် ဘိန်းဖြူနှင့် ကိုကင်းမှောင်ခိုသယ် ဆောင်သည့် လမ်းကြောင်းပေါ်မှ စခန်းထောက်နိုင်ငံဖြစ်သည်ဟု ယူဆရသည့်အပြင် တရားမဝင် မူးယစ်ဆေးဝါးများ ထုတ်လုပ်သည့်နိုင်ငံလည်းဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်၌ ဘိန်းဖြူ ၇၁၉ကီလိုဂရမ်နှင့် ကိုကင်း ၂၃၄ ကီလိုဂရမ် သိမ်းဆည်းရမိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။**ဆင်ဟွာ။**



ဘုရားဖူးမော်တော်ယာဉ်ပေါ်သို့ လိမ့်ဆင်းခဲ့သော ကျောက်တုံးကြီးကို တွေ့ရစဉ်။

လူနေအိမ်အရွယ်ကျောက်တုံး တောင်ပေါ်မှလိမ့်ဆင်းခဲ့၍ ဗီယက်နမ်နိုင်ငံသားခြောက်ဦးသေဆုံး

ဟနွိုင်း မေ ၇

ဗီယက်နမ်နိုင်ငံတောင်ပိုင်း၌ လူနေအိမ်တစ်လုံးအရွယ်အစားရှိ ဧရာမကျောက်တုံးကြီးတစ်တုံးသည် မော်တော်ယာဉ်တစ်စီးပေါ်သို့ မေ ၅ ရက်က လိမ့်ဆင်းခဲ့ရာ ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဘုရားဖူးခရီးသည် ခြောက်ဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဗီယက်နမ်တောင်ပိုင်း အန်ဂျန်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်းအပါအဝင် ဘုရားဖူးခရီးသည်ငါးဦး နေရာ၌ပင် သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ကြေမွပျက်စီးနေသော ယာဉ်အတွင်းမှ ထုတ်ယူစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဘုရားဖူးခရီးသည်များသည် တောင်ပေါ်ဘုရားစေတီများအားဖူးမြော်ပြီး အိမ်အပြန် ကားလမ်းပေါ် သို့ ကျောက်တုံးလိမ့်ဆင်းလာမှုနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကားလမ်းမတန်းအပေါ် ကျောက်တုံးကြီးလိမ့်ဆင်းမှု၏ အကြောင်းတရားကို ဒေသန္တရအာဏာပိုင်များက စုံစမ်းစစ်ဆေးဆဲဖြစ်သည်။

တောင်ပေါ်စေတီသို့ သွားရောက်နိုင်သည့် ကားလမ်းကို ၂၀၀၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းစေတီသို့ နှစ်စဉ်ဘုရားဖူးခရီးသည် ထောင်ပေါင်းများစွာ လာရောက်လေ့ရှိသည်။ အင်တာနက်။

ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲ ဆိုရှယ်လစ်ခေါင်းဆောင် အောင်ပွဲခံ

ပါရီ မေ ၇

မေ ၆ ရက်တွင် ကျင်းပသော ပြင်သစ်သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့မဲပေးမှုပြီးဆုံးပြီးနောက် ဆိုရှယ်လစ်ခေါင်းဆောင် ဖရန်ဆွာဟိုလန်ဒဲသည် လက်ရှိသမ္မတနီကိုလပ်ဆာကိုဇီအား ကျော်ဖြတ်အနိုင်ယူကာ ပြင်သစ်နိုင်ငံ၏ သမ္မတ အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြင်သစ်သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည့် ဆိုရှယ်လစ်ခေါင်းဆောင် ဖရန်ဆွာဟိုလန်ဒဲကို ထောက်ခံသူများ ရွေးကောက်ပွဲအောင်ပွဲ ဆင်နွှဲနေစဉ်။

မစ္စတာဟိုလန်ဒဲသည် ၁၇ နှစ်တာကာလအတွင်း ပြင်သစ်သမ္မတအဖြစ် ရွေးကောက်ခံခဲ့ရသူ ပထမဆုံးဆိုရှယ်လစ်ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

ဆန္ဒမဲပေးမှု ပြီးဆုံးပြီးနောက် မဲရေတွက်မှုရလဒ်များအရ ဆိုရှယ်လစ်ခေါင်းဆောင် ဖရန်ဆွာဟိုလန်ဒဲသည် ပြင်သစ်သမ္မတရာထူးအတွက် ထောက်ခံမဲ ၅၁ ဒသမ ၉ ရာခိုင်နှုန်း ရရှိခဲ့ပြီး လက်ရှိသမ္မတ နီကိုလပ်ဆာကိုဇီမှာ ၄၈ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့သည်။

အစဉ်အလာအရ ပြင်သစ်လက်ဝဲဝါဒီများ စုဝေးလေ့ရှိရာ ဘာစတီးလ်ရင်ပြင်၌ ဆိုရှယ်လစ်ခေါင်းဆောင် ဟိုလန်ဒဲအား ထောက်ခံသူထောင်ပေါင်းများစွာတို့က ရွေးကောက်ပွဲအောင်ပွဲကို ဆင်နွှဲခဲ့ကြသည်။

ပြင်သစ်နိုင်ငံ၏ နောက်ဆုံးလက်ဝဲခေါင်းဆောင်မှာ ဖရန်ဆွာမီထရောင်းဖြစ်ပြီး ၎င်းအား ၁၉၈၁ ခုနှစ်တွင် ပြင်သစ်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပြင်သစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲ၌ ဆိုရှယ်လစ်ခေါင်းဆောင်ဖရန်ဆွာဟိုလန်ဒဲ အောင်ပွဲခံခဲ့ချိန်တွင် နီကိုလပ်ဆာကိုဇီသည် ဥရောပကြွေးမြီပြဿနာပေါ်ပေါက်ခဲ့ချိန်မှစ၍ နိုင်ငံအကြီးအကဲနေရာမှ ဖယ်ရှားခံခဲ့ရသည့် ၁၁ ဦးမြောက်ဥရောပခေါင်းဆောင်ဖြစ်လာကြောင်း ဂါဒီယန်သတင်းစာက ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလများအတွင်း ဆာကိုဇီနှင့်ဟိုလန်ဒဲတို့နှစ်ဦးလုံးသည် နှစ်ပေါင်း ၃၀ ကျော်အတွင်း လုပ်ဆောင်ခဲ့ခြင်းမရှိသည့် ဘတ်ဂျက်အသုံးစရိတ်ထိန်းညှိရေးကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

အင်တာနက်။

ပါရှန်ပင်လယ်ကွေ့ အမည်နှင့်ပတ်သက်၍ ဂူဂဲလ်ကုမ္ပဏီအား အီရန် ဝေဖန်

တီဟီရန် မေ ၇

အီရန်နိုင်ငံနှင့် အာရေးဗီးယန်း ကျွန်းဆွယ်ဒေသတို့အား ပိုင်းခြားပေးထားသည့် ရေပြင်၏အမည်ကို အွန်လိုင်းမြေပုံဝန်ဆောင်မှုတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိဘဲ ချန်ရစ်ခဲ့သောကြောင့် ဂူဂဲလ် အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီအား အီရန်အစိုးရက ဝေဖန်ခဲ့ကြောင်း မေ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

အွန်လိုင်း မြေပုံဝန်ဆောင်မှုတွင် ပါရှန်ပင်လယ်ကွေ့၏ အမည်ကို ဖော်ပြထားခြင်းမရှိသောကြောင့် မည်သည့်အကျိုးရလဒ်မျှ ထွက်ပေါ်လာမည်မဟုတ်ကြောင်း၊ သို့ရာတွင် ဂူဂဲလ်ကုမ္ပဏီက ထုတ်ပြန်သည့် အချက်အလက်များကို သုံးစွဲသူများ အနေဖြင့် အယုံအကြည်ကင်းမဲ့လာနိုင်ကြောင်း အီရန်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

အီရန်နိုင်ငံအား မလိုမုန်းထားရှိသည့် နိုင်ငံများနှင့် ၎င်းတို့၏ အာရပ်မဟာမိတ်နိုင်ငံများက ပါရှန်ပင်လယ်ကွေ့ဟူသော အမည်အား ဖျောက်ဖျက်ရန် ကြိုးစားလေလေ၊ ယင်းပင်လယ်ကွေ့၏အမည်မှာ ပို၍တည်တံ့လေလေဖြစ်ကြောင်း အီရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

သမိုင်းကြောင်း အချက်အလက်များအရ အီရန်နှင့် အာရေးဗီးယန်း ကျွန်းဆွယ်အကြားရေပြင်ကို ပါရှန်ပင်လယ်ကွေ့ဟူသော အမည်ဖြင့်သာ ညွှန်းဆိုလေ့ရှိကြောင်း သိရသော်လည်း မကြာသေးမီကာလအတွင်း အာရပ်နိုင်ငံအချို့က ပါရှန်ပင်လယ်ကွေ့ဟူသောအမည်မှ ပါရှန်ဟူသည့် ဝေါဟာရကိုဖြုတ်ကာ အာရေးဗီးယန်းပင်လယ်ကွေ့ဟူ၍ အစားထိုးအသုံးပြုရန် ကြိုးပမ်းခဲ့ကြသည်။

ကုလသမဂ္ဂက အဆိုပါပင်လယ်ကွေ့ရေပြင်ကို ပါရှန်ပင်လယ်ကွေ့ဟူသောအမည်ဖြင့်သာ သဘောတူလက်ခံထားရာ အာရပ်နိုင်ငံအချို့၏ အမည်ပြောင်းလဲရေး ကြိုးပမ်းမှုသည် ကုလသဘောတူညီချက်အား ချိုးဖောက်ရာရောက်သည်။

သို့ရာတွင် ၂၀၀၂ ခုနှစ်အတွင်း ကျင်းပခဲ့သော ကုလသမဂ္ဂညီလာခံတစ်ခုတွင် ပါရှန်ပင်လယ်ကွေ့ဟူသည့် အမည်နာမအစား အာရေးဗီးယန်းပင်လယ်ကွေ့ဟူ၍ မှားယွင်းသုံးစွဲခဲ့ဖူးသည်။ ***အင်တာနက်။***

ရေထုညစ်ညမ်းမှုကြောင့် ပင်လယ်နက်ဒေသ မရဏရေပြင်အဖြစ် ပြောင်းလဲသွားနိုင်

အစ္စတန်ဘူလ် မေ ၇

ရေထုညစ်ညမ်းမှုပြဿနာကြောင့် ပင်လယ်နက်(Black Sea)နှင့် မာမရာပင်လယ်(Sea of Marmara) များ၌ နေထိုင်ကျက်စားကြသော ရေနေသက်ရှိများ၏ ရှင်သန်ရပ်တည်ရေးမှာ အကြီးအကျယ် ခြိမ်းခြောက်ခံနေရကြောင်း မေ ၅ ရက်သတင်းများတွင် ဖော်ပြထားသည်။

လိုအပ်သလို ဆောင်ရွက်နိုင်ခြင်းမရှိပါက မကြာမီကာလအတွင်း ပင်လယ်နက်ရေပြင်သည် အလွန်ညစ်ညမ်းသော ရေပြင်အဆင့်မှ မရဏရေပြင်တစ်ခုအဖြစ် ပြောင်းလဲသွားနိုင်ဖွယ်ရှိကြောင်း တူရကီအဏ္ဏဝါဂေဟစနစ် ကာကွယ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပင်လယ်နက်ရေပြင် ရေထုလွှာအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏသည် သိသိသာသာ ကျဆင်းလျက်ရှိပြီး ပင်လယ်ကြမ်းပြင်၌ ပေါက်ရောက်သော ရုက္ခမျိုးစိတ်များမှာလည်း အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

သုတေသနပြုချက်များအရ ပင်လယ်နက်ရေပြင်အတွင်း ကျက်စားနေထိုင်သော ငါးမျိုးစိတ်ပေါင်း ၅၂ မျိုးရှိခဲ့သော်လည်း နှစ်ပေါင်း ၅၀အတွင်း ရေထုညစ်ညမ်းမှုပြဿနာကြောင့် မျိုးသုဉ်းပျောက်ကွယ်မှုများရှိခဲ့ရာ လက်ရှိတွင် မျိုးစိတ် ၂၆ မျိုးသာကျန်ရှိကြောင်းသိရသည်။

အလားတူ တူရကီနိုင်ငံ၏ ကုန်းတွင်းပင်လယ်တစ်ခုဖြစ်သော မာမရာပင်လယ်သည်လည်း ပတ်ဝန်းကျင်မြို့ပြဒေသများမှ စွန့်ထုတ်သည့် စက်မှုအညစ်အကြေးများစွာကြောင့် ရေထုညစ်ညမ်းမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

၁၉၇၀ ခုနှစ်၌ မာမရာပင်လယ်အတွင်း ရေနေသက်ရှိမျိုးစိတ် ၁၂၇ မျိုးထိရှိခဲ့သော်လည်း ရေထုညစ်ညမ်းမှုပြဿနာကြောင့် ယနေ့ကာလတွင် လေးမျိုးမှ ငါးမျိုးအထိသာ ဆက်လက်ရှင်သန်ရပ်တည်နိုင်စွမ်းရှိတော့ကြောင်း တူရကီ အဏ္ဏဝါဂေဟစနစ်ကာကွယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ ***အင်တာနက်။***

လူ့အသွေးအသားကို အမှုန့်ပြုလုပ်ထည့်သွင်းထားသည့် ဆေးများ တောင်ကိုရီးယား၌ သိမ်းဆည်းရမိ

ဆိုးလ် မေ ၇

သေဆုံးခဲ့သည့်မွေးကင်းစကလေး ရုပ်အလောင်းများအား အမှုန့်ပြုလုပ်ထည့်သွင်းထားသည့်ဆေးဝါးတောင့် ထောင်ပေါင်းများစွာကို အကောက်ခွန်ဌာနက ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ရောဂါဘယများ ပျောက်ကင်းစေသည့် ဆေးတစ်လက်အဖြစ် အချို့က ယုံကြည်ထားကြသော တရားမဝင်တင်သွင်းလာသည့် အဆိုပါဆေးဝါးတောင့်များကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား အကောက်ခွန်ဌာန၏ အဆိုအရ သိရသည်။

လွန်ခဲ့သည့်နှစ် ဩဂုတ်လမှစ၍ တောင်ကိုရီးယား အကောက်ခွန်ဌာနသည် ခွန်အားတိုးဆေးများအသွင် ပုံဖျက်ထားသော အဆိုပါဆေးဝါးတောင့်များအား တရားမဝင်တင်သွင်းရန် ကြိုးပမ်းမှု ၃၅ မှု ဖော်ထုတ်နိုင်ခဲ့ပြီး ဆေးတောင့် ၁၇၄၅၀ ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ယင်းဆေးဝါးတောင့်များကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသနေ ကိုရီးယားလူမျိုးစုများက တောင်ကိုရီးယားနိုင်ငံအတွင်း တင်သွင်းရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအကောက်ခွန်ဌာ န တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဆေးဝါးများကို ရောဂါစုံပျောက်ကင်းနိုင်သော ဆေးဝါးများအဖြစ် လူအချို့က ယုံကြည်လျက်ရှိသော်လည်း စစ်ဆေးမှုများအရ အန္တရာယ်ရှိသည့် ဗက်တီးရီးယားပိုးမွှားများနှင့် ဓာတုပစ္စည်းများ ပါဝင်နေကြောင်း တာဝန်ရှိသူများက တွေ့ရှိခဲ့ကြသည်။

အင်တာနက်။

လန်ဒန် အိုလံပစ်ပွဲတော်အား ခြိမ်းခြောက်လာသည်ဟု ယူဆရပါက ခရီးသည်တင်လေယာဉ်ကိုလည်း ခြွင်းချက်မထားဘဲ ပစ်ချရန် ဗြိတိန်ပြင်ဆင်ထား

လန်ဒန် မေ ၇

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုပုံစံမျိုးဖြင့် လန်ဒန်အိုလံပစ်ပွဲတော်အား ခြိမ်းခြောက်လာသည်ဟု ယုံကြည်ရပါက ခရီးသည်တင်လေယာဉ်ကိုလည်း ခြွင်းချက်မထားဘဲ ပစ်ချရေးအတွက် အမိန့်ပေးရန် အသင့်ရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖိလစ်ဟမ်မွန်က မေ ၆ ရက်တွင် ပြောကြားခဲ့သည်။

၂၀၁၂ခုနှစ် အိုလံပစ်ပွဲတော်စတင်မည့် ကာလနီးကပ်လာသည်နှင့်အမျှ ဗြိတိန် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များက လုံခြုံရေးစီမံချက်များ အဆင့်အဆင့်တည်ဆောက်နေစဉ် ဗြိတိန်ကာကွယ်ရေးဝန်ကြီး၏ သဘောထားမှတ်ချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

မေ ၃ ရက်က ဗြိတိန်တော်ဝင်မရိန်းတပ်ဖွဲ့မှ ကွန်မန်ဒိုများသည် နိုင်ငံ၏တောင်ဘက်ကမ်းရိုးတန်းဒေသ၌ လုံခြုံရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ခဲ့ပြီး ဘုရင့်ရေတပ် လေယာဉ်တင်သင်္ဘော အိတ်ခ်ျအမ်အက်အိုးရှင်းသည်လည်း ရေပေါ်ကွပ်ကဲရေးဌာနချုပ်အဖြစ် တာဝန်ယူရန် လန်ဒန်မြို့တော် သိမ်းမြစ်အတွင်း ဝင်ရောက်လာခဲ့သည်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အတွက် ကြည်း၊ ရေ၊ လေ လုံခြုံရေးစမ်းသပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဗြိတိန်နိုင်ငံသည် ရက်ပီယာအမျိုးအစား မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို လန်ဒန်မြို့တော် အရှေ့တောင်ပိုင်း၌ ပွဲထုတ်စမ်းသပ်ခဲ့သည်။

ရက်ပီယာ ဝေဟင်ပစ်ဒုံးကျည်များသည် အမြင့်ပေနိမ့်နိမ့်မှ အရှိန်နည်းနည်းဖြင့် ပျံသန်းလာသော လေယာဉ်များအား ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အထူးအသုံးဝင်သည်။

အကြမ်းဖက်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်လာပါက ပရိသတ် ၈၀၀၀၀ ဝင်ဆံ့သည့် အိုလံပစ်အားကစားကွင်းအား အကာအကွယ်ပေးရန်အတွက် ခရီးသည်အပြည့်ပါသော ဘိုးရင်း ၇၄၇ ကဲ့သို့ လေယာဉ်မျိုးကို ရက်ပီယာဒုံးကျည်ဖြင့် ပစ်ချနိုင်သည်။ ***အင်တာနက်။***

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း — အောဝမ်းစိုး

လီယိုနာဒိုနှင့်တွဲဖက်သရုပ်ဆောင်မည့် ဂျွန်ဟေးလ်

ဒန်နီဘိုရပ်စ်အဖြစ် သရုပ်ဆောင်မည့် ဂျွန်ဟေးလ်။

မကြာသေးမီက ကျင်းပပြီးစီးသွားခဲ့သည့် အော်စကာဆုပေးပွဲတွင် Moneyball ဇာတ်ကားဖြင့် အော်စကာဆု အမည်စာရင်း တင်သွင်းခံခဲ့ရသည့် မင်းသားဂျွန်ဟေးလ်သည် ဒါရိုက်တာ မာတင်စကော်ဆီဆီရိုက် ရိုက်ကူးပုံဖော်မည့် The Wolf of Wall Street ဇာတ်ကားတွင် တိုက်တန်းနစ်မင်းသား လီယိုနာဒိုနှင့် အတူ တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

The Wolf of Wall Street ဝတ္ထုသည် ဂျော်ဒန်ဘဲလ်ဖို့တ်က ၎င်းကိုယ်တိုင် Wall Street တွင် ကျင်လည်ခဲ့ရစဉ်က မူးယစ်ဆေးဝါးများနှင့် အရက်အလွန်အကျွံသောက်သုံးခဲ့မှု၊ လိင်ကိစ္စအပျော်အပါးများ လိုက်စားခဲ့မှု စသည့်လောကခံ အနိမ့်အမြင့်များကို ရေးသားပြုစုထားသော နယူးယောက်မြို့မှ ခေတ်သစ်ဂန်းစတားများ (လက်နက်ကိုင် လူဆိုးဂိုဏ်းဝင်များ) အကြောင်းကိုရေးသားထားသည့် စာအုပ်ဖြစ်သည်။

ယင်းဖြစ်ရပ်မှန်ဝတ္ထုစာအုပ်ကို နာမည်ကျော်ဒါရိုက်တာ မာတင်စကော်ဆီဆီနှင့် ဟောလိဝုဒ်ကြယ်ပွင့် လီယိုနာဒိုတို့က ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးတင်ပြကြရန် သဘောတူထားသည်။ လီယိုနာဒိုက ဂျော်ဒန်ဘဲလ်ဖို့တ်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ယခုအခါ ဂျွန်ဟေးလ်ကဂျော်ဒန်ဘဲလ်ဖို့တ်၏ အရင်းနှီးဆုံးမိတ်ဆွေ ဒန်နီဘိုရပ်စ်အဖြစ် သရုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျွန်ဟေးလ်သည် မကြာသေးမီက ရိုက်ကူးပြီးစီးသွားသည့် 21 Jump Street ဇာတ်ကားနှင့် Watch အမည်ရှိဟာသဇာတ်ကားတို့တွင် ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။ **အင်တာနက်။**

ငယ်ဘဝပုံစံကိုပြောပြသည့် ဂျိန်းစ်ဘွန်းမင်းသမီး အီဗာဂရင်း

ဂျိန်းစ်ဘွန်းမင်းသမီး အီဗာဂရင်းက သူသည် အမြဲတမ်း ဖက်ရှင်ကျကျ ဆွဲဆောင်မှုရှိရှိ ဝတ်စားဆင်ယင်တတ်သူမဟုတ်ကြောင်းနှင့် ကျောင်းနေစဉ်က သူ၏ပုံစံမှာဆွဲဆောင်မှုမရှိဘဲ ခပ်ရိုးရိုးသာ ဝတ်စားဆင်ယင်ခဲ့သူတစ်ဦးဖြစ်ကြောင်း ထုတ် ဖော်ပြောကြားသည်။

အသက်(၃၁)နှစ်ရှိ ပြင်သစ်မင်းသမီးချော အီဗာဂရင်းက Instyle မဂ္ဂဇင်းသို့ ပြောကြားရာတွင် သူဆယ်ကျော်သက်အရွယ် ကျောင်းသူဘဝပုံစံမှာ ဝတ်စားဆင်ယင်ပုံ ရိုးရှင်းပြီး စာအလွန်ကြိုးစားသည့် စာကြမ်းပိုးတစ်ဦးသာဖြစ်ကြောင်း၊ အရှက်အကြောက်ကြီးသူတစ်ဦးဖြစ်ပြီး ပြဇာတ်သင်တန်းကျောင်း တက်သည်အထိ အရှက်အကြောက်ကြီးနေ၍ အခက်အခဲများ တွေ့ခဲ့ရကြောင်း ဖွင့်ဟပြောကြားသည်။

မင်းသမီးအီဗာဂရင်း**(အောက်ပုံ)**ကို ယခုလောလောဆယ် ၎င်း၏ဇာတ်ကားသစ် Dark Shadows တွင် ရှုစားနိုင်ပြီး ယင်းဇာတ်ကားတွင် ဟောလိဝုဒ်နာမည်ကျော်မင်းသား ဂျွန်နီဒက်ပ်ပါဝင်သရုပ်ဆောင်ထားသည်။

အင်တာနက်။



အနာဂတ်ခရီးနှင့်မည့် ကျွန်တော်သိသော စာမျက်နှာများ

မလှကိုင်

ဟိုတယ်တံခါးကိုအဖွင့်တွင် အိတ်ကလေးဖြင့်ထည့်ကာ ချိတ်ထားသော သတင်းစာကို တွေ့ရသဖြင့် အပြင်ထွက်ခါနီးအကြံကိုဖျက်ကာ ဆိုဖာပေါ်ထိုင်လျက် အားရပါးရဖတ်ကြည့်မိသည်။ သတင်းစာမျက်နှာဖုံးက အရောင်အသွေးစုံဖြင့် သစ်လွင်လှပနေသလို စာလုံးအကြီးအသေး ဒီဇိုင်းပညာတို့ဖြင့် အသက်ဝင်အောင် ကစားထားပေရာ အပြင်ထွက်တော့မည့်မိမိအဖို့ ပြန်ထိုင်ကာ ကိုင်ကြည့်ဖတ်ကြည့် မိသည်မှာလည်း မဆန်းလှ။ ပါဝင်သောသတင်းများအနက် အတော်များများ၏ ရေးသားပုံများက ဖြစ်စဉ်ကိုချရေးပြီးမှ နောက်ကြောင်းသမိုင်းကို ပြန်လည်ဖော်ထုတ် ရေးသားသောပုံစံက အများစုဖြစ်သည်။ နောက်ခံဖော်သတင်းဖွင့်ခြေဆင်း၊ အကွက်ချန်သတင်းဖွင့်ခြေဆင်းတို့ဖြင့် စာဖတ်ပရိသတ်ကို ဆွဲဆောင်ဖို့ ကြိုးစားထား သည်တော့အမှန်။ သို့သော် တစ်စောင်လုံးဖတ်ကြည့်ပြီးချိန်တွင်ကား ရသမျှအနှစ်တို့ သည် ကိုယ့်မြေကိုယ့်ရေမှ ကိုယ့်သတင်းစာထက်မပို၊ ထို့ထက်ဆိုရလျှင် လိုနေသည်မှာ ကား သူ့နိုင်ငံ၏မူကိုထင်ဟပ်မပြနိုင်ခြင်းပင်ဖြစ်သည်။ သူ့နိုင်ငံသားတို့အဖို့ သူ့နိုင်ငံ အုပ်ချုပ်သူတို့၏မူကို မည်သည့်နေရာကရသည်မသိ၊ နိုင်ငံ၏ ဦးတည်ချက်ကို မည်သို့ လေ့လာမှတ်သားကြသည်မသိ၊ နိုင်ငံချမ်းသာသည်ကတော့အမှန်၊ သို့သော် သူတို့ကား မျက်မမြင်လူချမ်းသာနှယ်တည်း။

ဤတွင် မိမိနိုင်ငံမှ သတင်းစာကို လွမ်းသောစိတ်က ပေါ်လာသည်။ **ဝိုင်းစက် လှပသော ကွန်ပျူတာစာလုံးလေးများနှင့် ရသမျှစာမျက်နှာပေါ်မှ ပြည်သူကို ဗဟုသုတများစွာပေးနိုင်အောင် ကြိုးစားတင်ဆက်ထားကြသော ရသမျှ ချွေးနဲ့စာ လစာလေးနှင့် ရုန်းကန်လှုပ်ရှားနေကြရှာသော သတင်းစာတိုက်ဝန်ထမ်းတို့၏ စေတနာက သတင်းစာစာမျက်နှာတွင် ပေါ်လွင်နေသည်။ စာရွက်ကလေးသာဖြူဖွေး လိုက်လျှင်၊ ရောင်စုံကလေးများသာ တင်လိုက်ရလျှင် နှစ်ဒေါ်လာ (လက်ရှိပေါက်ဈေး ဖြင့် မြန်မာငွေ ၁၆၀၀ကျော်ခန့်) တန် မိမိလက်တွင်းမှ သတင်းစာကြီးကို ၅၀ ကျပ်တန် ကြေးမုံ/မြန်မာ့အလင်း သတင်းစာကလေးများက ကောင်းစွာရယ်မောလှောင်ပြောင် ပြပေလိမ့်မည်။**

ဤတွင် သတိရမိသည်က **"သတင်းစာတစ်စောင်၏ တန်ဖိုးဟူသည်မှာ ထို သတင်းစာတစ်စောင်အတွက် အဖိုးအခမည်ရွေ့မည်မျှ ပေး၍ ဝယ်ယူရသည့်တန်ဖိုး ထက် အဆိုပါ သတင်းစာတွင် စာဖတ်သူများအား အသိအမြင် အချက်အလက် ဗဟုသုတ မည်မျှကြီးကြီးမားမားပေးနိုင်သည်ဟူသည့် သတင်းတန်ဖိုးသည်သာ ပဓာန ဖြစ်သည်" ဆိုသည့် အဆိုပင်။ ဝယ်ယူဖတ်ရှုမည့် သူတို့ကလည်း မိမိရမည့် ဗဟုသုတ တန်ဖိုးကို ထိုက်တန်သရွေ့ပေးရန် ဝန်မလေးကြပေရာ သင့်တင့်မျှတသော အဖိုး စားနားတော့ ရှိသင့်ပေသည်။**

သတင်းစာဖတ်ရင်းတန်းလန်းမှာပင် ဝမ်းက ဆာလောင်လာပြီး ဆန္ဒပြလာရာ သတင်းစာကိုင်ရင်း ဟိုတယ်ထမင်းစားခန်း (Hotel Dining Room)သို့ အမြန် ပြေး၍ လွေးလိုက်ရသည်။ ယနေ့ နံနက်စာစာ(Breakfast) က မြန်မာပါးစပ်နှင့် အစပ်အဟပ်တည့်လှပေရာ နှစ်ကြိမ်ပင် ထပ်ထည့်လိုက်မိသည်။ ကောင်းသည်ဆိုသလို ဈေးနှုန်းကလည်း မသေးလှ။ တစ်ပွဲ ၁၂ ဒေါ်လာဆိုပေရာ ကိုယ့်နိုင်ငံမှ ပဲပြုတ် ထမင်းဆီဆမ်းနှင့် တန်ဖိုးချင်းကွာခြားလှသည်။ မရှိ၍သာ စားရသည်၊ တကယ် လွမ်းသည်မှာက ပဲပြုတ်ထမင်းပေတည်း။ မနက်က သတင်းစာတုန်းကလိုပင် တန်ဖိုး သာကြီးသည်။ ရလိုက်သည့် အနှစ်က သုံးခွက်တစ်ခွက်တင်သာ။ အပိုဆာဒါး တန်ဆာ ပလာတွေအတွက် ကုန်ကျသည်က များနေသည်။ သည်ကပြန်လျှင် ကိုယ့်ပဲပြုတ် သည်ကိုပင် တန်ဆာပလာဆင်စေလျက် ဈေးတက်ခိုင်းရကောင်းနိုးနိုး တောင်စဉ် ရေမရ လျှောက်တွေးမိသည်။ သူ့သတင်းစာက ရောင်စုံအရုပ်တွေနှင့် တန်ဆာဆင် သလို မိမိတို့ပဲပြုတ်ကိုလည်း လက်ရှိထည့်နေသော ကြွပ်ကြွပ်အိတ်အစား ရောင်စုံ ဘူးကလေးများနှင့်ထည့်ကာ ဈေးတင်ရောင်း၍ကော မရပေဘူးလား စိတ်ကစားရင်း တွေးမိသည်။

ဤသည်မှာ နံနက်စာစာ (Breakfast) သာလျှင်ဖြစ်သည်။ နေ့လယ်စာ (Lunch) အတွက်မူ ၁၈ ဒေါ်လာကျသင့်သည်ဟု သိရသည်။ မိမိတို့ဆီမှာတော့ ပုံစား ၁၀၀၀ ကျပ်၊ ဟင်းပွဲမှာယူစားလျှင် ဟင်းပေါ်မူတည်၍ လူတစ်ဦးအတွက် ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ်အတွင်း ကျသင့်ပေသည်။ **ဤလိုတွေးရင်း အရာတိုင်း ဈေးနှုန်းချိုသာသည့် မိမိတို့ဆီမှာ ဈေးအချိုဆုံးက သတင်းစာဟု ပြောရမလို ဖြစ်နေ သည်ကို သတိရလာသည်။ တစ်လလုံးအတွက် သတင်းစာဖိုးက ထမင်းတစ်ပွဲဖိုးမျှ ပင်မရှိသည်ကို ကြားရသူတိုင်း ယုံနိုင်ဖွယ်ဟု ဩချရလောက်သည်။ အရာရာမှာ ဈေးနှုန်းချိုသာစွာ ရရှိပိုင်ဆိုင်နိုင်သော မိမိတို့နိုင်ငံမှာ သတင်းစာက ဈေးအချိုဆုံးဟု ဆိုရပေမည်။ သို့သော် သတင်းစာဖတ်ပရိသတ်က နည်းသေးသည်။ ဖြန့်ချိစောင်ရေကို ကြည့်လိုက်လျှင် တိုင်းပြည်လူဦးရေနှင့် စောင်ရေအချိုးက နည်းလွန်းသေးသည်။ နောင် တိုင်းပြည်ဖွံ့ဖြိုးလာပြီး အမျိုးသားပညာရည်မြင့်မားလာသည့်အခါ သတင်းစာ ဖတ်နှုန်းမြင့်လာမည်ဟု မျှော်လင့်ရသည်။** သူတို့ဆီမှာက ဤမျှလောက် ဈေးမြင့် သည်ကိုပင် ဖြန့်ချိစောင်ရေက များလှသည်။ ထို့အတူ သူတို့ဆီက လူတွေကလည်း ဤသော သတင်းစာတန်ဖိုးကို များသည်ဟု မမြင်ကြ။ မိမိကသာ ကိုယ့်ဆီမှာနှင့် ချိန်ထိုးပြီး များသည်ဟု တွက်မိခြင်းဖြစ်သည်။ မည်သို့ဆိုစေ ပညာအခြေခံရှိသူ သတင်းစာဖတ်ပရိသတ်တို့ကတော့ ငွေကိုမမြင်၊ တစ်နေ့တာ သတင်းစာတွင် ပါလာမည့် သတင်းဦး သတင်းထူးတို့ကို ရွေးချယ်သည်၊ မွှေနှောက်သည်၊ ရှာဖွေသည်။ ဖတ်စရာ မှတ်စရာ ဘာများပါသည်တို့ကိုသာ နေ့စဉ် ရှာဖွေကြည့်ရှုတတ်ကြပါသည်။ သူတို့ဆီက ချမ်းသာတော့ အခြေခံလစာ ဒေါ်လာ ၁၀၀၀ ခန့်ရသည်ဟု ပြောကြသည်။ ကြွားတာလား၊ အမှန်လားတော့မသေချာ။ အမှန်သာဖြစ်မည်ဆိုလျှင် ဒေါ်လာ ၁၀၀၀ ရသူက သတင်းစာကို ၂ ဒေါ်လာပေး၍ဖတ်ခြင်းအားဖြင့် သူ့ဝင်ငွေ၏ ၅၀၀ ပုံ တစ်ပုံကို ဗဟုသုတအတွက် ရင်းနှီးမြှုပ်နှံလိုက်သည်ဟု ဆိုရမည်။ ဤသို့တွက်သော် မိမိတို့ဆီက အခြေခံဝန်ထမ်းတစ်ဦး၏ ဝင်ငွေသည် ယနေ့ ကျပ် ၇၀၀၀၀ ဝန်းကျင် ဖြစ်သည်။ ဆိုရလျှင် အခြေခံဝန်ထမ်းတစ်ဦးအဖို့ သူ့ဝင်ငွေ ခန့်မှန်း ၇၀၀၀၀ ကျော်၏ ၇၀၀ ပုံတစ်ပုံ ဖြစ်သည့် ၁၀၀ ကျပ်ကို နေ့စဉ်ဗဟုသုတမှတ်သားနာယူဖို့ မသုံးသင့်ပေဘူးလား။ ဤသို့လည်း တောင်တောင်အီအီ တွေးမိသည်။

သတင်းစာဖတ်ပရိသတ်က ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် သတင်းစာကို လိုရာ စာမျက်နှာမှ စ၍လှန်တတ်ကြသည်။ သူတို့သတင်းစာမှာ အုပ်စုလိုက် ခေါင်းစဉ် တပ်ထားသည့်တိုင် မိမိလိုရာကို မည်သို့ရှာဖတ်ရမည်မသိ။ မွှေနှောက်ရင်း မျက်စိလည် ရသည်။ ကိုယ့်သတင်းစာကတော့ ရှေ့ဖုံး၊ ကျောဖုံး၊ ပြီးလျှင်သတင်းအညွှန်းပါ ထူးခြား သတင်း၊ ပြီးလျှင်နယ်သတင်း၊ နာရေး၊ အားကစား၊ အနုပညာ၊ ကြော်ငြာစသည်ဖြင့် ရှင်းလင်းစွာ သတင်းမြင်ကွင်းတို့ကို ခံစားသိမြင်နိုင်သည်။ အချို့သက်ကြီးရွယ်အို များကျတော့လည်း နေဝင်ချိန်ရောက်ပြီဖြစ်သည့်အားလျော်စွာ မိမိတို့ရောင်းရင်းများ ပျောက်ကွယ်သွား၊ မသွားသိလို၍ စာမျက်နှာ ၁၉ ကို အပြေးလှန်ကြသည်။ တွေ့ပြီဆို လျှင် ရှင်သန်ကျန်ရစ်သူချင်း တယ်လီဖုန်း ချက်ချင်းဆက်၊ ကျန်ရစ်သူစာရင်းရေတွက် ကြကာ သံဝေဂတရားပွားများကြသည်။ မည်သို့ဆိုစေ အရွယ်စုံစရိုက်စုံ သတင်းစာဖတ် ပရိသတ်တို့က မိမိတို့သိလိုသော အကြောင်းအရာအချက်အလက်များကို မျှော် တလင့်လင့် ဖတ်ရှုလိုကြသူများဖြစ်ပါသည်။ ပရိသတ်သိလိုသော သတင်းအချက်အလက် ကို မြန်မြန်ဆန်ဆန်၊ အချက်အလက်စုံစုံလင်လင်၊ ခိုင်ခိုင်မာမာ၊ တိတိကျကျ ဖော်ပြ ပေးနိုင်သော သတင်းစာကို ဦးစားပေးဖတ်ရှုကြပြီးမှ ငွေပိုငွေလျှံကလေးရှိသေးလျှင် အတန်ငယ်ဈေးကြီးသည်ဟု ဆိုနိုင်လောက်သော ဂျာနယ်တို့ကို ရွေးချယ်ဝယ်ယူလေ့ ရှိကြသည်။ သို့ဖြစ်ရာ စနစ်ကျနမှုကြားမှ ပရိသတ်ကို သတင်းအာသာပြေစေသော မိမိတို့၏ နိုင်ငံပိုင်သတင်းစာကြီးများကို ခေတ်ပြောင်းစနစ်ပြောင်းတွင် ဟန်ချက် ညီလိုက်ပါလျက် အောင်ပွဲတို့ ဆက်လက်ရစေလိုသည်ကတော့ အမှန်ပင်ဖြစ်သည်။

သို့သော် သတင်းစာတိုက်ဝန်ထမ်းအချို့ကလည်း ပြောကြသည်။ သူတို့သည် ပြင်ပဂျာနယ်များထက် များစွာဈေး လျှော့ရောင်းချရခြင်းကြောင့် ရုန်းကန်နေရကြောင်း၊ သတင်းစာတစ်စောင်ကို ကျပ် ၅၀ နှုန်းဖြင့်သာ ရောင်းရသဖြင့် မြတ်စွန်းဖို့ဝေးစွ၊ ရှုံးပင်ရှုံးနေကြောင်းသိရသည်။ နိုင်ငံပိုင်သတင်းစာ သုံးစောင်ပေါင်းလျှင် နေ့စဉ် သိန်း ၂၀၀ကျော် ရှုံးနေကြောင်း၊ နိုင်ငံတော်က အမြတ်အစွန်းအဓိကမထားဘဲ ပြည်သူအတွက် ဝန်ဆောင်မှုသဘောဖြင့် စိုက်ထုတ်ကျခံဖြန့်ဝေခြင်းဖြစ်ကြောင်းသိရတော့ စိတ်မကောင်း ဖြစ်လိုက်ရသေးသည်။ မိမိ တော်တော်လေးအံ့ဩရင်း ဤမျှလွယ်သောအဖြေကို မစဉ်းစားတတ်တော့ဘူးလား၊ ဈေးလေးတက်ရောင်းတော့ဘာဖြစ်မှာမို့တုံးဟု ကရုဏာ ဒေါသောဖြင့်တွေးရင်း အပြစ်တင်မိသည်။ ယနေ့ ကြေးမုံ၊ မြန်မာ့အလင်း၊ The New Light of Myanmar ဟူသော သတင်းစာများ ၏ သတင်းတန်ဖိုး၊ စာမျက်နှာရွက်ရေ တန်ဖိုး စသည်ဖြင့် ချင့်တွက်လျှင် တစ်စောင်ကို ကျပ် ၁၀၀ မကတန်သည်ကို အားလုံး လက်ခံထားပြီးဖြစ်သည်။ ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လိုက်လျောညီထွေပြုပြင် ပြောင်းလဲဆောင်ရွက်နေရသည့် ယနေ့အခါမျိုးဝယ် သတင်းစာ တစ်စောင် ၅၀၊ ၁၀၀ ဆိုသည်မှာ တကူးတက ထည့်သွင်းစဉ်းစားလောက်သည့် အခြေအနေမျိုးမဟုတ်တော့သည်ကိုလည်း အားလုံးနားလည်ပြီးဖြစ်ပေသည်။

ကိုယ်ကမြတ်နိုးသောသတင်းစာကြီးတွေ ပျောက်ကွယ်သွားမှာ စိုးမိ၍ သတင်းစာ ဈေးနှုန်းကိုစွတွေးမိခြင်း ဖြစ်သည်။ နောက်ပိုင်း အေးအေးစဉ်းစားတော့မှသာ သူတို့ သည်လည်း အတွေ့အကြုံပေါင်းများစွာ ဖြတ်သန်းခဲ့ရသူများဖြစ်သည်။ ပုဂ္ဂလိက သတင်းစာမဟုတ်သည့်အတွက် လုပ်သမျှကို ပြည်သူတို့အတွက် ငဲ့ကွက်နေရသော ကြောင့်သာဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ခု အဖြေထွက်ရန်အတွက် ချင့်ချိန်နေရ၍သာ ဖြစ်ပေမည်ဟု တွေးမိပြီး အမြန်ဖြေရှင်းနိုင်စေရေး ဆုတောင်းပေးမိသည်။ ထိုသတင်းစာ ကြီးတွေအတွက် ကျားကန်ပေးထားသူ နိုင်ငံတော်အစိုးရကိုလည်း မဆီမဆိုင် သာဓု ခေါ်မိရသေးသည်။

မိမိတို့နိုင်ငံပိုင်သတင်းစာများကား ပရိသတ်များကျေနပ်ဖွယ် အစိုးရ၏ မူဝါဒနှင့် သတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ်သိနေရသည့်ပြင် သတင်းဖော်ပြချက်များမှာ တိကျခိုင်မာမှု အားကောင်းလှသည်။ မြန်မာသတင်းစာသည် မြန်မာနိုင်ငံသားတို့ အတွက်တော့ အဘိဓာန်သာဖြစ်သည်။ စာလုံးပေါင်းသတ်ပုံမှအစ ကျမ်းကိုင်စရာမလိုဘဲ သတင်းစာနှင့်ပင်လျှင်လုံလောက်သည်။ အကြောင်းအရာခိုင်မာသည်။ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲများလည်း ကင်းသည်။ ကြော်ငြာပင်လျှင် သတင်းစာတွင် ကြော်ငြာမှ ပြည်သူက ပို၍ ယုံသည်။ မှတ်မှတ်ရရ ကြော်ငြာတွေ့လျှင် ဖြတ်သိမ်းကြသည်က သတင်းစာ ကြော်ငြာကိုသာဖြစ်သည်။ထို့အပြင် နိုင်ငံပိုင်သတင်းစာက မြန်မာပြည်သူတို့စိတ်ထဲတွင် ထာဝစဉ်ပြန်တမ်းဖြစ်သည်။ အဆိုပါအချက်များကို ပြည်သူများထံ လှပစွာ မှတ်သား ဖွယ်ရာ ရောက်ရှိဖို့တော့ အဆင်အပြင်ကို ပြင်ဖို့လိုမည်ဟု တွေးမိသည်။ ပြင်လျှင် ငွေပိုကုန်မည်။ မိမိကတော့ ဤအတွက် အပန်းမကြီး။ ထပ်ပေးရသည်ဆိုဦးတော့၊ တစ်ရက်အတွက် အချဉ်ထုပ် တစ်ထုပ်စာထက် ပိုစရာမရှိ၊ တစ်လအတွက် ထမင်း တစ်နပ်စာထက်ပိုစရာမရှိကြောင်း ခန့်မှန်းမိသည်။ ဒီသတင်းစာတွေနှင့် တစ်သက်လုံး ပေါင်းလာသည်မို့ အကြောင်းသိနေပြီဟု ဆိုနိုင်သည်။ ကိုယ်က လိုက်လျောဖို့ ဝန်မလေးသလို သူကလည်း ရက်ရက်စက်စက် လုပ်စရာမရှိ။ နှစ်ဖက်စလုံးခံယူချက် ကွက်တိ ဖြစ်လိမ့်မည်။

နောက်တစ်ခုလိုအပ်ချက်ကား ဖြန့်ချိမှုဖြစ်သည်။ တလောကပင် မိမိတို့မြို့ သတင်းစာကိုယ်စားလှယ်က သေချာမဖြန့်သဖြင့် ရုံးပိတ်ရက်သတင်းစာကို ရုံးဖွင့်ရက် ကျမှသာ ဖတ်ရပေရာ သက်ဆိုင်ရာသို့ တိုင်လိုက်ရသေးသည်။ မဟာသင်္ကြန် ရုံးပိတ်ရက်လို ရက်ရှည်ရုံးပိတ်ရက်များ၌ပင် မည်သူတို့ မည်သို့ပိတ်ပိတ်၊ သတင်း ရေးသူ၊ တည်းဖြတ်သူ၊ စာဖောင်သွင်းသူ၊ ပုံနှိပ်ထုတ်ဝေသူ၊ ဖြန့်ချိသူတို့ နား၍မရသည် ကို အချို့က နားမလည်ကြ။ ထိုသို့ မသိတတ်သည့်ဖြန့်ချိရေးများကိုလည်း သတင်းစာ တိုက်များက စိစစ်ဆောင်ရွက်သင့်ပေသည်။ သတင်းစာကို စောစီးစွာ ရိုက်နှိပ်နိုင် သော်လည်း သတင်းစာပို့ဆောင်ဖြန့်ချိမှုစနစ် ချို့ယွင်းနှေးကွေးခြင်းဖြင့် သတင်းစာ ဂုဏ်သိက္ခာကို ထိပါးသည်။ လူကြိုက်နည်းသွားနိုင်သည်။ မိမိတို့က အနေသာချည်း ဖြစ်သော်လည်း ပေါင် ၁၀ သန်းတန်ကိုယ့်အကြိုက် ဘောလုံးသမား ဂိုးမဝင်လျှင် ရင်နာသကဲ့သို့ မခံစားချင်၊ နိုင်ငံတော် သတင်းစာကြီးတို့ကို "ပန်းပန်လျက်ပါ" ဖြစ်စေ ချင်သည်။ မိမိအပါအဝင် သတင်းစာအစွဲကြီးသူတို့က ဖြစ်နိုင်လျှင် သတင်းစာကို မိုးမလင်းမီ ဖတ်ချင်သည်။ ထိုမှမရလျှင် နေမတက်မီ ဖတ်ချင်သည်။ ထိုမှ အဆင့်လျှော့ လျှင် မိမိနံနက်စာစာပင် စားမဝင်တော့။ စက်ဘီးသံကြားတိုင်း ပြတင်းပေါက်မှ ကိုယ်ကိုကိုင်း၍ ပြူထွက်ကာ လာများလာပလား စိတ်ကစားမိသည်။ မွန်းလွဲ၍မှ ရောက်မလာလျှင်မူ ကမ္ဘာကြီးပူလာသလို နေမသိ ထိုင်မသာ ဖြစ်ရတော့သည်။ ဂျာနယ်တွင် မည်ရွေ့မည်မျှ သတင်းဦး၊ သတင်းထူးပါသည်ဖြစ်စေ၊ သတင်းစာနှင့် တိုက်ဆိုင်ကြည့်ချင်စိတ်ကိုတော့ တားမရ။ သတင်းစာ နောက်ကျချိန် ဂျာနယ်နှင့် တင်းတိမ်ရသော်လည်း သတင်းစာနှင့် မတိုက်ဆိုင်ရမချင်း ခံတွင်းကမတွေ့။ ဆားထည့်ဖို့မေ့သည့်ဟင်းနှင့် ဝမ်းစာဖြည့်မိသလို ဖြစ်ရသည်။

ယခုအခါ နိုင်ငံပိုင်သတင်းစာ၌ အကြောင်းအရာပိုင်း အရေးအသားပိုင်း၌ ပြောင်းလဲလာပြီကို တွေ့ရသည်။ မူဝါဒကို အတုံးလိုက် အတစ်လိုက် ဖော်ပြကြရာမှ ပါးလျားထိရှစွာ ဖော်ပြလာကြသည်။ သတင်းစာဟူသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ပေးသည့် မီဒီယာတံတားဖြစ် သကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့အကြားတွင် မှန်ကန်သော သတင်းအချက် အလက်များကို မြန်မြန်ဆန်ဆန် ပေးပို့ခြင်းဖြင့် စတုတ္ထမဏ္ဍိုင်တာဝန်ကို ကျေပွန်ရန် တာဝန်ရှိပေရာ မူဝါဒတို့ ကြားညပ်လျက် ဖတ်လိုရာရာများ ဖွယ်ဖွယ်ရာရာ ထည့်သွင်း လာခြင်းကို ကြိုဆိုရမည်သာ ဖြစ်ပေသည်။ ထိုသို့သာဆိုလျှင် ယခုထက် စောင်ရေ တိုးတက်လာမည်ဖြစ်သလို ပြည်သူတို့အတွက်လည်း အကျိုးအမြတ်ထွက်ပေ မည်။

ထိုသို့ ပါဝင်သည့် အကြောင်းအရာတို့ စုံလင်ဖို့ ကြိုးစားဆောင်ရွက်လာသလို မျက်စိပသာဒအတွက်လည်း မလွဲမသွေ မေ့၍မဖြစ်။ မိမိတို့လို သတင်းစာအစွဲကြီးသူ များကတော့ ကိစ္စမရှိ သို့သော် အချို့စာဖတ်ပရိသတ်က အလှမက်ကြသည်။ အအေး သောက်လျှင်ပင် တစ်ရောင်တည်းမုန့်လက်ဆောင်းထက် ရောင်စုံရွှေရင်အေးကို ဈေးကြီးပေး ရွေးချယ်သောက်သုံးကြသည်။ ဤသို့သော သူတို့သည်လည်း မိမိ ပရိသတ်ပင်ဖြစ်ပေရာ သူတို့အကြိုက်ကိုလည်း ဆောင်ကြဉ်းသင့်ပေသည်။ အရောင်စုံ အသွေးစုံနှင့် သတင်းအသားပါ ပြည့်စုံလျှင် ပြောဖွယ်ရာမရှိပေပြီ။ ထိုသို့ဆိုလျှင် ရောင်စုံသတင်းစာတစ်စောင်၏ တန်ဖိုးမှာ အခြေအနေအချိန်အခါအရ မြင့်မား ကောင်းမြင့်မားသွားနိုင်သည်။ ကိစ္စမရှိ၊ ပြည်သူကသိသည်။ တွက်ချက်တတ်သည်။ သတင်းတန်ဖိုးသာမြင့်စေ၊ ငွေကိုသုံးနိုင်သည်။ အချဉ်ထုပ်တစ်ထုပ် လျှော့စား လိုက်လျှင်၊ စီးကရက်တစ်လိပ်နှစ်လိပ်လျှော့သောက်လိုက်လျှင်၊ ကွမ်းတစ်ထုပ်ခန့် လျှော့ဝါးလိုက်လျှင် ပြီးနိုင်ပေရာ ဤသည်မှာ စာရှုသူတို့ မှုစရာမဟုတ်။

သတင်းစာကိုင်ရင်း အတွေးထဲမှာ စီးမျောနေသော မိမိအား နံနက်စာစာချိန် ကုန်ပြီမို့ စားပွဲထိုးလူငယ်ကလေးက သတိပေးလာသည်။ သူတို့လည်း နေ့လယ်စာ အတွက် ပြင်ဆင်ရဦးမည်ဖြစ်ပေရာ အားနာစကားဆိုလျက် အမြန်ထွက်ခဲ့မိသည်။ ဖန်ခွက်ကလေးများ ချိတ်ဆွဲလျက်အစီအရီ၊ စတီးဟင်းပေါင်းအိုးကြီးများ ညီညာ နေသည်ကတော့ ထမင်းစားခန်းမ၏ ဟိတ်ဟန်ပင်ဖြစ်သည်။ ဤဟိတ်ဟန်က မိမိတို့ အိတ်ထဲမှ ငွေအတော်များများကို နှုတ်ယူသွားသည်။ မဟော်ဂနီရောင်စားပွဲကြီး များကလည်း ဝင်မည့်သူပင်မဝံ့မရဲဖြစ်ရလောက်အောင် ပြောင်လက်တောက်ပလှ သည်။ စားရသည်က ကောင်းမကောင်း၊ တန်မတန် မဝေဖန်ရဲလောက်အောင်ပင် ဂုဏ်အင်က ကြီးလှပေရာ ဤအရာကား ဥပမာထားလောက်ဖွယ်ရာဖြစ်သည်။ မိမိဆိုခဲ့သလို သူ့သတင်းစာ ၂ ဒေါ်လာကို များသည်ဟု ဆိုမိသည့်အတွက် အဆင်တန်ဆာတို့ကို ကိုးကွယ်သူအချို့ကလည်း မိမိကို ဟာသလုပ်လိုပေမည်။ ထိုသို့ သော ပုဂ္ဂိုလ်များရော၊ စာကိုသာ သီးသန့်ချစ်သူများအတွက်ပါ တစ်ပါတည်း ခရီးတွင် စေရန်အတွက် မိမိတို့ သတင်းစာများ၏ သတင်းအနှစ်ကို ကျစ်လျစ်ဖြည့်တင်းစေရန် လိုသလို ရုပ်သဏ္ဍာန်ကိုလည်း ဟိတ်ဟန်အနည်းငယ် တင်ရပေမည်။ ထိုနောက်မှ လိုက်ပါလာမည့် ကုန်ကျမှုစာရင်းရှည်ကြီးကိုကား ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်တို့ အကြား မျှတသောနှုန်းထားဖြင့် ဖြေရှင်းသွားနိုင်မည်မှာ မလွဲသေချာဖြစ်သည်ကို နှစ်ပေါင်းများစွာသတင်းစာကို စွဲစွဲမြဲမြဲဖတ်ရှုဖြစ်ခဲ့သူ မိမိက အနာဂတ်သို့ ပြေးလွှား ခန့်မှန်းစကားဆိုမိခဲ့ပေပြီ။ ။

❍ နံနက်စာမှ

ကလေးငယ်များသည် ၎င်းတို့၏ အပြင်ပန်းလက္ခဏာမှ ခန္ဓာကိုယ်အလေး ချိန် အချိုးမြင့်မားခြင်းကြောင့် အရွယ် ရောက်သူများထက် ရေဓာတ်ခန်းခြောက်မှု ဒဏ်ခံနိုင်မှုပိုနည်းသူများဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် သဘာဝအားဖြင့် ရေသောက်ချင်သည့် ဆန္ဒကို ဖော်ပြဖွယ် မရှိခြင်းကြောင့် ရေဆာသည့် ခံစားမှုကို အာရုံစိုက်လေ့မရှိကြပေ။

ယနေ့အချိန်တွင် ကလေးငယ်များ၌ ရေဓာတ်၏ အရေးပါမှုကို သတိပြုမိမှု များပြားလာစေရန် ဆန္ဒရှိပြီး ကလေးငယ် များသည် နေ့လယ်စာစားချိန်တိုင် ရေကို နောက်တစ်ကြိမ် သောက်လေ့မရှိကြ၍ ၎င်းတို့တွင် ရေဓာတ်ကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်စေရန် နံနက်စာစား သည့်အချိန်တွင် ကလေးငယ်များ ရေလုံလုံလောက်လောက် သောက်သုံးမှု ရှိ၊ မရှိကို သေချာသိရန် မိဘများနှင့် ကလေးစောင့်ရှောက်သူများကို အထူး တိုက်တွန်းကြောင်း ၎င်းက ပြောသည်။

အသက် ကိုးနှစ်မှ ၁၃ နှစ်အကြားရှိ ယောကျာ်းလေးများသည် တစ်နေ့လျှင် အရည် ၂ ဒသမ ၁ လီတာ သောက်သင့် ပြီး မိန်းကလေးများသည် ၁ ဒသမ ၉ လီတာ သောက်သင့်သည်ဟု ဥရောပ သမဂ္ဂ အစာအာဟာရ ဘေးကင်းရေး အာဏာပိုင်တို့က အကြံပြုထားသည်။

အဆိုပါ အသက်အရွယ်ရှိ ကလေးငယ် များသည် တစ်နေ့လျှင် ၁၅၀ မီလီလီတာ ဖန်ခွက်ရှိ ရေရှစ်ခွက်ကို အနည်းဆုံး သောက်သင့်သည်ဟု အကြံပြုထားပြီး အရွယ်ရောက်သူများအတွက် အဆိုပါ အရွယ်အစားထက် အနည်းငယ်သေး သည့် ဖန်ခွက်ဖြင့် သောက်လျှင် ရေဓာတ် ခန်းခြောက်မှု နည်းနိုင်သည်ဟု အကြံပြု ထားသည်။

ကလေးငယ်များ ရေသောက်ရန် တစ်ခါတစ်ရံ ပရိယာယ်ဖြင့် သောက်စေ ရန် ပြောဆိုနိုင်သော်လည်း အဓိက အချက်မှာ နည်းနည်းနှင့် မကြာမကြာ သောက်စေရန် တိုက်တွန်းခြင်းဖြစ်သည်။ ကလေးငယ်များ ကျောင်းမသွားမီ ရေတစ်ခွက်သောက်၊ မသောက် သေချာ အောင် လုပ်သင့်ပြီး ၎င်းတို့သည် ပုံမှန် ရေသောက်လေ့ရှိခြင်းကြောင့် ၎င်းတို့၏ ကျောင်းလွယ်အိတ်ထဲတွင် ရေတစ်ဘူး ထည့်ပေးသင့်သည်ဟု ဆိုသည်။

မေ ၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့၌ မိုးရွာသွန်းမှုနှင့်အတူ လေပြင်းများတိုက်ခတ်မှုကြောင့် နေရာအချို့တွင် သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျကာ အဆောက်အအုံအချို့ နေကာအမိုးများ ပျက်စီးပြီး ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းပေါ်ရှိ အင်းလျားကန်ပေါင်အနီး ကြော်ငြာဆိုင်းဘုတ်ကြီးမှာ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးနေသည်ကို တွေ့ရစဉ်။

(၆၈၂)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြို့တော်ဝန် ဦးလှမြင့်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၇

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ဦးဆောင်သောအဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ၌ လေ့လာရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်မြို့တော်ဝန်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးစည်၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးမြင့်ဦး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ဌာနမှူး ဦးတင်မောင်ကြည်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနမှူး ဦးသန်းလွင်ဦးတို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ပျူတာနှင့်အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်းများဖွင့်

ရန်ကုန် မေ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင် Level-2 ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက်ဝိုင်း ဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း ခန်းမ၌ လည်းကောင်း၊ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၅/၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန (ရုံးချုပ်)ကျန်စစ်သားခန်းမ၌ လည်းကောင်း ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(ဓာတ်ပုံ)**

ဝန်ထမ်းများ ကွန်ပျူတာကျွမ်းကျင် Level-2 သင်တန်းသို့ Level-1 မှ ထူးချွန်သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြသည်။

ဝန်ထမ်းများ အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

တိုင်းဒေသကြီး စီမံကိန်းတွင် GSM, WCDMA ၃၆၂၁၆၀ ကျော် တပ်ဆင်ပြီးဟုဆို

ရန်ကုန် မေ ၇

GSM, WCDMA တယ်လီဖုန်း စီမံကိန်းများအရ တိုင်းဒေသကြီးများတွင် မေ ၂ ရက်အထိ လိုင်းအင်အားပေါင်း ၃၆၂၁၆၅ တပ်ဆင်ပြီးဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

အဆိုပါ တပ်ဆင်ပြီးသော စာရင်းများတွင် နေပြည်တော်၌ GSM - ၁၃၅၁၆ နှင့် WCDMA ၂၁၇၃ ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် GSM- ၂၇၄၆၂ နှင့် WCDMA - ၇၉၃ ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် GSM - ၆၀၁၉ နှင့် WCDMA - ၆၃၃ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းတွင် GSM ၁၆၄၂၈ နှင့် WCDMA ၈၁၃ ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတွင် GSM- ၁၂၃၂၇ နှင့် WCDMA - ၇၁၇ ကို လည်းကောင်း၊ မကွေးတိုင်း ဒေသကြီးတွင် GSM - ၁၄၆၁၅ နှင့် WCDMA - ၁၁၇၀ ကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီး (ပြင်ပ)တွင် GSM - ၄၉၇၈၅ နှင့် WCDMA - ၈၆၉ ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး(မြို့တွင်း)တွင် GSM -၈၆၁၆ နှင့် WCDMA-၃၄၂၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး (ပြင်ပ)တွင် GSM - ၃၂၁၅၇ နှင့် WCDMA-၂၀၀၀ ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး (မြို့တွင်း)တွင် GSM-၁၂၅၇၉၄ နှင့် WCDMA-၂၁၆၈၄ ကို လည်းကောင်း၊ ရုံးချုပ်အခြေစိုက် မိုဘိုင်းဆက်သွယ်ရေးစခန်းတွင် GSM- ၃၁၅ နှင့် WCDMA-၃၆၅ တို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် GSM -၂၀၁၃၉ နှင့် WCDMA - ၃၅၅ ကို လည်းကောင်း စသည်ဖြင့် GSM စုစုပေါင်း ၃၂၇၁၇၃ နှင့် WCDMA စုစုပေါင်း ၃၄၉၉၂ တို့ အပါအဝင် မေ ၂ ရက်နေ့အထိ ၃၆၂၁၆၅ လုံးတပ်ဆင်ပြီး ဖြစ်ကြောင်း သိရသည်။

မိုဘိုင်းအင်တာနက်ဝန်ဆောင်မှုများနှင့် ပတ်သက်၍လည်း ယခင်က GSM 2.75G (EDGE)တွင် တပ်ဆင်ခ ကျပ် ၁၀၀၀၀၊ သုံးစွဲခ တစ်မိနစ်လျှင် လေးကျပ်ကောက်ခံခဲ့သော်လည်း ယခုအခါ အင်တာနက်တပ်ဆင်ခအဖြစ် ကျပ် ၁၀၀၀၀၊ သုံးစွဲခအဖြစ် တစ်မိနစ်လျှင် ၂ ကျပ်သို့ လည်းကောင်း၊ WCDMA(3G)တွင် ယခင်က အင်တာနက်တပ်ဆင်ခ ကျပ် ၁၀၀၀၀၊ သုံးစွဲခ တစ်မိနစ်လျှင် လေးကျပ် ယခုအခါတွင် ယင်းနှုန်းထားများဖြင့် လည်းကောင်း၊ CDMA 800 (EVDO) တွင် ယခင်က အင်တာနက် တပ်ဆင်ခ ငွေ ကျပ် ၃၀၀၀၀၊ တစ်မိနစ်လျှင် သုံးစွဲခ လေးကျပ်မှ ယခုအခါ အင်တာနက် တပ်ဆင်ခ ငွေကျပ် ၁၀၀၀၀ ၊ တစ်မိနစ် သုံးစွဲခငွေ လေးကျပ်စသည်ဖြင့် ပြောင်းလဲသတ်မှတ်ကောက်ခံသွားမည် ဖြစ်ကြောင်း လည်း သိရသည်။ (၆၈၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၈-၅-၂၀၁၂ (အင်္ဂါနေ့)

၅း၂၀	MRTV-4 သတင်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၉)**
၁၁း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ"(အပိုင်း-၁)**
၂း၀၀	MRTV-4 သတင်း
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၅)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၂၉)**
၅း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ"(အပိုင်း-၁)**
၆း၀၀	MRTV-4 သတင်း
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၁၆)**
၈း၃၀	**မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၄)**
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၃၀)**
၁၀း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၂)**

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၂၅	Liverpool - Chelsea	(Star Sports) (MRTV-4)

* **ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**



နိုင်ငံခြားသားရေယာဉ်စီးနှင်းခများပြောင်းလဲ

မန္တလေး မေ ၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ပြည်တွင်းပြေးဆွဲလျက်ရှိသော သင်္ဘောများတွင် **(အပေါ်ပုံ)**နိုင်ငံခြားသား စီးနင်းခနှုန်းထားများကို ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ဧရာဝတီဌာနခွဲ(မန္တလေး) အခြေပြုခရီးစဉ်များတွင် မန္တလေး - ညောင်ဦးခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာမှ ၁၅ ဒေါ်လာသို့လည်းကောင်း၊ မန္တလေး-ဗန်းမော်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၉ ဒေါ်လာမှ ၁၂ ဒေါ်လာသို့ လည်းကောင်း၊ မန္တလေး-ကသာခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၇ ဒေါ်လာမှ ၉ ဒေါ်လာသို့ လည်းကောင်း တိုးမြှင့်ခဲ့သည်။

နိုင်ငံခြားသားခရီးသည်များအား မိုင်နှုန်းဖြင့်တွက်ချက်ပြီး ရေယာဉ်ခများကောက်ခံလျက်ရှိရာ ရန်ကုန်-ပုသိမ် ခရီးစဉ် ၁၇၂ မိုင်ကို ၈ ဒေါ်လာ ကောက်ခံရာ အမှတ်တရပစ္စည်းတန်ဖိုးထက်ပင် များစွာသက်သာကြောင်း ကမ္ဘာလှည့်ခရီးသည်များက ပြောဆိုကြသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်က ဧရာဝတီဌာနခွဲ၊ မြစ်ဝကျွန်းပေါ်ဌာနခွဲများတွင် နိုင်ငံခြားသား ၁၃၀၀၀ ကျော်စီးနင်းခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

သန်လျင်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၇

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပသည်။

အစီအစဉ်အရ မြို့နယ်စာပေနှင့် စာနယ်ဇင်းနာယက ဦးမျိုးမြင့်(ကျွန်းချောင်း)၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ထူး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစောဝင်း (ဖိုးစော-သန်လျင်)တို့မှ အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး သန်လျင်မြို့နယ် စာရေးဆရာအသင်းကို ဥက္ကဋ္ဌ ဦးစောဝင်း(ဖိုးစော-သန်လျင်)၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦး(သန်လျင်မောင်မောင်ဦး)၊ အတွင်းရေးမှူး ဦးရွှေတင် (မောင်ညိုမှိုင်း-သန်လျင်)၊ တွဲဖက် အတွင်းရေးမှူး ဒေါ်မိုးမိုးသူ(ကြည်မွေ့အိမ်)၊ ဘဏ္ဍာရေးမှူး ဦးဇော်ဖေ(မောင်သွေးရင်)၊ အမှုဆောင်များအဖြစ် ဦးမျိုးမြင့်(ကာတွန်းအီကွေတာ)၊ ဦးသော်ဝင်းကြည်တို့ဖြင့် ဆန္ဒပြုရွေးချယ်ခဲ့ကြကြောင်း သိရသည်။ (၆၀၈)

ဥတုရာသီ တောကိုမှီ၍

မစ္စရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်အား မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်အား ခန့်အပ်ရန် တောင်အာဖရိကနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စ ရိုဘီနာ ပက်ထရစ်ရှာ မာ့က်စ်သည် ၁၉၆၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် မွေးဖွားခဲ့ပြီး ယူကေနိုင်ငံ ဆပ်ဆက်စ်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

တောင်အာဖရိကနှင့် ယူကေနိုင်ငံတို့ရှိ တက္ကသိုလ်များတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၆ မှ ၁၉၈၉ ခုနှစ်အထိ တောင်အာဖရိကတွင် အသားအရောင်ခွဲခြားရေး၌ အရေးပါသည့် ပြည်ထောင်စု ဒီမိုကရေစီတပ်ဦးတွင် လည်းကောင်း၊ ၂၀၀၁ မှ ၂၀၀၃ ခုနှစ်အထိ လန်ဒန်မြို့ရှိ လီဗီရှမ် ဒုက္ခသည်ကွန်ရက်တွင် မန်နေဂျာအဖြစ်လည်းကောင်း၊ ၂၀၀၆ မှ ၂၀၁၁ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနတွင် ဌာနအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စရိုဘီနာ ပက်ထရစ်ရှာမာ့က်စ်သည် ဗန်ကောက်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

အရေးပေါ်လူနာတင်ယာဉ်ပို့ဆောင်ရေး ဖောင်ဒေးရှင်း အကောင်အထည်ဖော်မည်

အရေးပေါ်လူနာတင်ယာဉ် ပို့ဆောင်ရေးဖောင်ဒေးရှင်းကို မြန်မာနိုင်ငံ ဆရာဝန်အသင်း၏ ဦးဆောင်မှုဖြင့် မကြာမီ စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုအပါအဝင် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ပြုစုကုသပေးခြင်း၊ ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ပြီး ရောဂါဝေဒနာခံစားနေရသည့် လူနာများအား ဆေးရုံသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ခေတ်မီလူနာတင်ယာဉ်ပေါ်တွင် ကျွမ်းကျင်ဆရာဝန်နှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းတာဝန်ပေးထားခြင်း၊ လူနာသယ်ဆောင်နေစဉ်အတွင်း လိုအပ်သော အရေးပေါ် အသက်ကယ်ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းတို့ကို အမြတ်အစွန်းမယူဘဲ ၂၄ နာရီနားရက်မရှိ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ဝန်ဆောင်ခအနေဖြင့် ခရီးအကွာအဝေးပေါ် မူတည်ပြီး ငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၄၀၀၀၀ အထိ ကောက်ခံသွားမည်ဖြစ်သည်။ အစပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌သာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လုပ်ငန်းတွင်ကျယ်လာသည်နှင့်အမျှ ကျန်မြို့နယ်များကိုပါ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန် ၁၀၀ ကျော်၊ လက်ထောက်ကျန်းမာရေးမှူးအဆင့်ရှိသူတစ်ဦးနှင့် ယာဉ်မောင်းတို့ကိုလည်း စနစ်တကျ လေ့ကျင့်ပေးထားပြီးဖြစ်သည်။

အရေးပေါ်လူနာတင်ယာဉ် ပို့ဆောင်ရေး ဖောင်ဒေးရှင်းက လူနာများအတွက် လူနာတင်ယာဉ်ပေါ်တွင် လိုအပ်သည့် ဆေးဝါးများ၊ နှလုံးကုသစက်များ၊ သွေးတုများကိုပါ အပြည့်အစုံ ဖြည့်ဆည်းပေးထားမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၄၉)၊ ဖုန်း-၀၉-၄၃၁၉၄၇၃၁ နှင့် ၀၉-၇၃၀၆၃၈၅၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ဥမ္မာသန့်(သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကဏ္ဍ(၃)ရပ်အား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ (၁၅)နှစ် စီမံကိန်းရေးဆွဲပြီး မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေး စသည့် ကဏ္ဍ(၃)ရပ်အား စီမံချက်ရေးဆွဲ၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

စီမံချက်အရ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်(အထူး)တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ တစ်နှစ်တာကာလအတွင်း တားဆီးနှိမ်နင်းရေးဆောင်ရွက်ခဲ့ရာတွင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၂ ခုနှစ်၊ မတ် ၃၁ ရက်အထိ ဘိန်း (၃၇၄)မှု (၁၃၇၉. ၆၄၄၈)ကီလို၊ ဘိန်းဖြူ (၇၄၈)မှု (၃၅. ၆၇၆၆)ကီလို၊ ဆေးခြောက် (၁၈၄)မှု (၁၉၉. ၈၄၅၅)ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား (၉၂၃)မှု (၁၅. ၇၄၆၈၄၃)သန်း၊ အဆင့်နိမ့်ဘိန်း (၁၆၀)မှု(၁၆၀. ၁၂၄) ကီလို၊ ဘိန်းဆီခဲ (၇၂)မှု(၄၈. ၀၃၀၆)ကီလိုနှင့် အခြားအမှု (၁၉၃)မှု အပါအဝင် စုစုပေါင်းမူးယစ်ဆေးဝါးမှု (၂၆၅၄)မှုကို တရားခံ ၃၉၄၃ ဦးနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၇

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းမှ Module 16 -Investments Property ခေါင်းစဉ်ဖြင့် မေ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/၄၁)၊ လမ်း ၅၀ (အောက်)၊ ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉၊ ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကံသာမင်းကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး ငွေလှူ

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ကံသာမင်းကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရှေးဦးစွာ ကံသာမင်းကျောင်းဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လှူဒါန်းငွေများ အပါအဝင် အလှူရှင် ၄၆ဦးတို့က အလှူငွေကျပ် ၁၁၉ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၀၇)ရပ်ကွက်ရှိ ကံသာမင်းကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးစိုးနွယ်အား ဂျာမနီနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးမင်းလွင်အား အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းလွင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ဦးဇော်ထွန်းအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဦးဇော်ထွန်းအား ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မိတ္ထီလာတောင်ကန် ကန်ပတ်လမ်းတစ်လျှောက် ဒေသခံများ ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ရန်အတွက် အထောက်အကူပြုကိရိယာများ တပ်ဆင်

မိတ္ထီလာ မေ ၇

မိတ္ထီလာမြို့ မိတ္ထီလာတောင်ကန် ကန်ပတ်လမ်းတစ်လျှောက် (ပေါက်ချောင်းရပ်ကွက်မှ နန်းတော်ရပ်ကွက် အထက-၁ အနီးထိ) သန့်ရှင်းသာယာရေးနှင့် ဒေသခံများ ကျန်းမာရေး လေ့ကျင့်ခန်းများ ပြုလုပ်ရန်အတွက် လေ့ကျင့်ခန်း အထောက်အကူပြု ကိရိယာများတပ်ဆင်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

"ဖေဖော်ဝါရီလ လောက်က မြောက်ကန်ဘက် ကန်ပတ်လမ်းကို သံကူကွန်ကရစ်တိုင်တွေနဲ့သံဆန်ခါ တွေကာရံပြီးတာကို တွေ့ရတယ်။ ခုတော့ တောင်ကန်ဘက်မှာ ကန်ပတ်လမ်းမြေသားတွေနဲ့ ကန်ပေါင်ပြုပြင်ပြီး သံကူကွန်ကရစ်တိုင်တွေထောင်၊ သံဆန်ခါတွေကာရံဖို့ လုပ်နေပါတယ်။ ကန်ပတ်လမ်းတစ်လျှောက် ဒေသခံတွေကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ရာမှာ လေ့ကျင့်ခန်း အထောက်အကူပြု ကိရိယာတွေ စတင်တပ်ဆင်ပေးထားပါပြီ။သံဆန်ခါတွေကာဖို့ပဲ ကျန်ပါတယ်။ပြီးတော့ ကန်ပတ်လမ်းဘေးမှာ အရိပ်ရသစ်ပင်နဲ့ ပန်းအလှအပင်တွေ စိုက်ပျိုးထားရှိပေးမယ်လို့လည်းသိရပါတယ်။ မိတ္ထီလာမှာက နေ့စဉ် နံနက်စောစော (ရာသီဥတုသာယာတဲ့နေ့တိုင်း)မှာ မြို့ပေါ် ဒေသခံအများစုက ကန်ပတ်လမ်းနဲ့ ကန်အနီးတစ်ဝိုက်မှာ ကျန်းမာရေးအတွက် ပြေးခြင်း၊ လမ်းလျှောက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်းတွေကို ပြုလုပ်လေ့ရှိတော့ အခုလို ဆောင်ရွက်ပေးတာ ဒေသခံတွေအတွက် များစွာအကျိုးရှိသလို ဒေသခံတွေ သောက်ရေသုံးရေနဲ့ စိုက်ပျိုးရေအတွက် အဓိက မှီခိုအားထားရာ မိတ္ထီလာကန်ကြီးသန့်ရှင်းသာယာရေးကို များစွာအထောက်အကူပြုပါတယ်"ဟု ဒေသခံတစ်ဦးက ဝမ်းပန်းတသာဖြင့်ပြောသည်။ (၅၇၉)

ဘားအံမြို့၌ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၇

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ပြည်ထောင်စုသီရိခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် မီးငြိမ်းသတ်မှုတို့ကို သရုပ်ပြသကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၇

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပြိုင်ပွဲအား " အေးချမ်းသာယာပြည်မြန်မာ " ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာ အလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစား ၁၀"×၁၄" အရွယ်အစားတစ်မျိုးတည်းဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသောဓာတ်ပုံများ မဖြစ်ရပါ။ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာ ပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရပါမည်။ မိမိတို့၏ ပြိုင်ပွဲဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု သုံးသိန်းကျပ်၊ ဒုတိယဆု နှစ်သိန်းကျပ်၊ တတိယဆု တစ်သိန်းငါးသောင်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆု (Cannon SLR ကင်မရာ၊ EOS-1000D with 18-55 mm II lens)၊ ဒုတိယဆု (Cannon Compact Digital ကင်မရာ IXUS-115)၊ တတိယဆု (Cannon Compact Digital ကင်မရာ Power Shot A-800) နှင့် အထူးဆု Cannon Showroom တွင် ငွေသား ငါးသောင်းကျပ်တန် ဈေးဝယ်ခွင့် ကူပွန်များ ပါဝင်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အင်းစိန်မြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် မြို့နယ် စာရေးဆရာအသင်းအမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ဧပြီ ၂၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဒါရိုက်တာ မောင်ယဉ်ကျော်တို့ ပါဝင်သော ရွေးချယ်ရေးကော်မရှင်အဖွဲ့က မြို့နယ် စာရေးဆရာအသင်းအလုပ်အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ ဘုန်းဝေ)၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ၊ တောင်တွင်းကြီး)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင်(ရွှေတိုက်စိုး)၊ တွဲဖက်အတွင်းရေးမှူး ဦးရဲတင့်(မော်ကျွန်းရဲခိုင်)၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)၊ အမှုဆောင်များအဖြစ် ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)၊ ဦးစိုးနိုင်(လှမိုးနိုင်)၊ ဦးအောင်မြင့်(မောင်နွယ်မြင့်)၊ ဦးသန်းစိုး (မြတ်လမ်းနောင်-ပုတီးကုန်း)၊ ညီလာခံကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။ (၆၈၄)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၅-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀	ပရိတ်တရားတော်
၈း၁၅	"ပြည်တွင်းထုတ်ကုန် မုံရွာ ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ"
၈း၄၀	International News
၃း၁၅	AFC Cup 2012 Group State ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် [ရန်ကုန်ယူနိုက်တက်အသင်းနှင့် Citizen(Hong Kong)]
၅း၃၀	"စေတနာစွမ်းအားရှင်နှင့် ကရုဏာလက်များ"
၅း၅၀	ကမ္ဘာ့ကြက်ခြေနီနေ့တေးများ
၆း၂၀	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅	ဆိုလိုက်ကြစို့
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး"(အပိုင်း-၁)**
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -ချိုမြိန်ရသာမုန့်ကမ္ဘာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၄)** -အိန္ဒိယရုပ်ရှင် "နှုတ်ကြောင့်သေ လက်ကြောင့်ကြေ" (ဇာတ်သိမ်းပိုင်း)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးဆလိုင်းအောင်မင်းလှိုင်ပါ (၁၇)ဦးတို့က လျှောက်ထားသည့် **အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party)** တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၂ ခုနှစ် မေ ၇ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

တင်သွင်းပြေးဆွဲခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ ခရီးသည်တင်ဘတ်စ်ကားများ တင်သွင်းရေးနှင့် ပတ်သက်၍ အဟောင်းလဲလှယ်မှုကို ၁၉၉၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအား ဘယ်မောင်း/ညာမောင်းမခွဲခြားဘဲ တင်သွင်းနိုင်သော်လည်း အသစ်တင်သွင်းမည့် ခရီးသည်တင်ဘတ်စ်ကားများကိုမူ ၂၀၀၇ ခုနှစ်အထက် ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်အဖွဲ့ အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် မေ ၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက်မှ ၁၃ ရက်အထိ အိန္ဒိယနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် မေ ၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်စန်းမြင့်၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်လင်းဒွေးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖော်ဆောင်ရေးဆိုင်ရာ အစပျိုးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၇

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီက ကြီးမှူးကျင်းပသည့် အာဆီယံနိုင်ငံများရှိ ရှေးဟောင်းမြို့တော်များအကြား ကွန်ရက်ဆက်သွယ်မှုတည်ထောင်ရေးအတွက် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖော်ဆောင်ရေးဆိုင်ရာ အစပျိုးဆွေးနွေးပွဲ (Initiative Regional Forum to enhance Collaborative Activities for Establishment of Ancient Cities Network of ASEAN, Phase One) ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဦးစန်းဝင်းက မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့တော်များအကြောင်းကို ရှင်းလင်းပြောကြား၍ အာဆီယံနိုင်ငံ အသီးသီးမှ အာဆီယံဒေသအတွင်းရှိ ရှေးဟောင်းမြို့တော်များအကြား ကွန်ရက်ဆက်သွယ်မှုတည်ထောင်ခြင်းကို ရှေးရှုဖော်ဆောင်မည့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များနှင့် သက်ဆိုင်သော နိုင်ငံအလိုက် အဆိုပြုစီမံကိန်းများကို တင်ပြဆွေးနွေးကြသည်။

ထိုဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၂၀၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ စီမံကိန်းများ အကဲဖြတ်ညှိနှိုင်းပေါင်းစပ်ခြင်းအတွက် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးစန်းဝင်း တို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲကို မေ ၉ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အာဆီယံဒေသအတွင်းရှိ ရှေးဟောင်းမြို့တော်များအချင်းချင်း ကွန်ရက်ဆက်သွယ်မှု တိုးမြှင့်စေခြင်းဖြင့် အာဆီယံဒေသရှိ ပြည်သူများအကြား အပြန်အလှန် သိရှိနားလည်ကာ ချစ်ကြည်ရင်းနှီးမှု တိုးပွားစေမည့် စီမံကိန်းများကို စုပေါင်းရေးဆွဲကြမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းများကို ၂၀၁၂ ခုနှစ်အတွင်း ပြုလုပ်မည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲ တက်ရောက်လာသော ကိုယ်စားလှယ်များသည် မေ ၉ ရက်တွင် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်နှင့် ရှေးဟောင်းသမိုင်းဝင်နေရာများသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများရှိ ရှေးဟောင်းမြို့တော်များအကြား ကွန်ရက်ဆက်သွယ်မှုတည်ထောင်ရေးအတွက် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖော်ဆောင်ရေးဆိုင်ရာ အစပျိုးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ ဥက္ကဋ္ဌ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သား ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

မပြောမပြီး မတီးမမြည် | **စိန်လှိုင်ဗိုလ်**

ပဲခူးမြို့သည် လားဗီးဂက်စ် မဟုတ်ပါ

ရာသီဥတုက ပူပြင်းလွန်းလှသည်။ လမ်းမကြီးတစ်ခုပေါ်တွင် ဆိုင်ခန်းတံခါးမကြီးတစ်ချပ်ကို အနည်းငယ်ဟထားသည်။ ပြတင်းတံခါးများကို အလုံပိတ်ထားသည်။ လျှပ်စစ်မီးရောင်ဖြင့် အခန်းတွင်း၌ စက်ကိရိယာများကို လှုပ်ရှားစေသည်။ လျှပ်စစ်မီးဖြင့် အလင်းရောင်ရစေသည်။ ပူအိုက်ပိတ်လှောင်ခြင်းကို ပန်ကာလေဖြင့် အန်တုကြသည်။ လေအေးစက်တပ်ဆင်ထားသည်ကိုမူ မတွေ့မြင်ရ။ အခန်းပြင်တွင် သောက်ရေအိုးများ အစီအရီချထားပေးသည်။ လျှပ်စစ်မီးပျက်သွားလျှင် ချက်ချင်းလည်ပတ်နိုင်သော အင်ဂျင်မီးစက်တစ်လုံးကို အသင့်ထားရှိသည်။ ရုပ်အင်္ကျီကြယ်သီးတပ်၍ မဝတ်နိုင်ကြသော လူငယ်လူရွယ်များ၊ စွပ်ကျယ်လက်ပြတ်ဝတ်၊ ပိုက်ဆံအိတ်ခါးထိုးကာ အားကျိုးမာန်တက် စက်အသီးသီးရှေ့တွင် စိတ်အားထက်သန်စွာ၊ စိတ်လှုပ်ရှားစွာ၊ မျှော်လင့်ချက်ကြီးစွာ လှုပ်ရှားနေကြသော လူငယ်လူရွယ်များ . . .၊ စက် ၁၀ လုံးရှိလျှင် ၁၀ လုံးအပြည့် လည်ပတ်နေသော စက်များ. . .

ပဲခူးမြို့၏ လူစည်ကားရာ ဈေးအနီးပတ်ဝန်းကျင်၊ ဗန္ဓုလလမ်းမ၊ ဆံတော်တွင်းလမ်းမ စသည့် လမ်းမကြီးများပေါ်ရှိ နေအိမ်အောက်ထပ်များ၊ ဆိုင်ခန်းများတွင် အကြီးအကျယ်လှုပ်ရှားနေသော တရားမဝင်လောင်းကစားခန်းများ ထကြွသောင်းကျန်းကြီးထွားစပြုနေသည်ကို တွေ့မြင်ရသည်မှာ လနှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဒေသအခေါ် ကာဆီနို၊ အကြွေစေ့ ဂိမ်းကစားစက်၏ ဝါးမျိုမှုဒဏ်ကို သက်ဆိုင်ရာက ဘယ်တော့တားဆီးပိတ်ပင်အရေးယူမည်နည်းဟု အချိန်ကာလတစ်ခုကို စောင့်ကြည့်နေသည်မှာ ကြာခဲ့ပြီ၊ အရေးမယူသောအခါတွင် အမြင်မတော်သော မိဘပြည်သူများက စတုတ္ထမဏ္ဍိုင်ကို အကူအညီတောင်းခံလာတော့သည်။

တစ်နေ့တစ်နေ့ တစ်ဦးတစ်ယောက်လျှင် ကျပ်တစ်သိန်းအထက် ရှုံးသူများရှိလာသည်။ စီးလာသော ဆိုင်ကယ်ရောင်းပြီး အကြွေးဆပ်ရသူများရှိလာသည်။ စတင်ကစားချိန်တွင် ကံတရားက မျက်နှာသာပေးဟန်ဖြင့် အလျော်ရ၊ အနိုင်ရဟန်ရှိသော်လည်း အချိန်တန်၍ အိမ်ပြန်ချိန်တွင် အိတ်ထဲပါသမျှငွေကို ငွေအကြွေစေ့ဂိမ်းစက်က ဝါးမျိုရယူထားလိုက်သည်ချည်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုမှ လားဗီးဂက်စ်မြို့သည် လောင်းကစားမြို့ကြီးဖြစ်သည်။ ပဲခူးမြို့သည် လားဗီးဂက်စ်မြို့မဟုတ်ပါ။ သို့ရာတွင် လားဗီးဂက်စ်မြို့ကဲ့သို့ လောင်းကစားအိမ်အချို့၊ လောင်းကစားဆိုင်အချို့ အစပျိုးထကြွသောင်းကျန်းစပြုနေသည်မှာတော့ အမှန်ပင်ဖြစ်သည်။ ကြာလျှင် လူငယ်များ စာရိတ္တမဏ္ဍိုင်ပြိုကျပျက်စီးတော့မည်။ ကွန်းသာယာရပ်ကွက်နှင့် ဥသာမြို့သစ်တွင်မူ ကေတီဗွီနှင့် တရားမဝင်အနှိပ်ခန်းများ ကြီးထွားလျက်ရှိနေသည်။

လောင်းကစားမှုသည် အကျင့်စာရိတ္တကို ပျက်ပြားစေပြီး စည်းစိမ်ဥစ္စာများပျက်စီးဆုံးရှုံးစေသည်။ လုယက်မှု၊ ခိုးမှုများကို ကျူးလွန်စေနိုင်ရာ နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားမှုကိုပင် ထိခိုက်စေနိုင်သည်။ ကောင်းကျိုးမပြုသော လောင်းကစားမှုဖြစ်သည်။ သာမှု နာမှုများတွင် နွားပြိုင်ပွဲ၊ ကြက်တိုက်ပွဲများဖြင့် တောလက်ကျေးရွာမကျန် လောင်းကစားမှုများ ကျယ်ပြန့်စွာ ကျူးလွန်သောဓလေ့များ ယနေ့တွင်ကျယ်လျက်ရှိနေသည်။

လောင်းကစားမှုကို ထိရောက်စွာ ဟန့်တားနိုင်ရန် ပြည်သူ့လွှတ်တော်က ၁၉၈၆ ခုနှစ်လောင်းကစားဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်တရားရုံးချုပ်ကလည်း ထိရောက်ဟန့်တားလောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။ ထို့အပြင် နိုင်ငံတော်တရားရုံးချုပ်သည် ၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်(၂၂၆/၂၇၂/ ၉၂) (လထန) အရ "လောင်းကစားမှုများနှင့် ပတ်သက်၍ အပြီးအပြတ်လွှတ်သော အမိန့်များကို တရားရုံးချုပ်က ပယ်ဖျက်ပြီး ပြစ်မှုထင်ရှားစီရင်ခဲ့ပါက မူလအမှုများကို စီရင်သော တရားသူကြီးများအား ထပ်မံ၍ ခွင့်မလွှတ်နိုင်သည့် မှားယွင်းမှုမျိုး ပြုလုပ်ကြောင်း တွေ့ရှိလျှင် ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း" ညွှန်ကြားခဲ့သည်။

ယနေ့ကာလတွင် (တစ်လုံး) ဘောလုံးပွဲလောင်းကစားမှု၊ (နှစ်လုံး) ထိုင်းနိုင်ငံ၏ စတော့အိတ်ချိန်းလောင်းကစားမှုနှင့် (သုံးလုံး)ထိုင်းနိုင်ငံ၏ သိန်းသုံးဆယ်ချဲထီ လောင်းကစားမှုများကို ဖမ်းဆီးအရေးယူနေသော်လည်း ကာဆီနိုဟုခေါ်သော အကြွေစေ့စက်လောင်းကစားကိုမူ ဘာကြောင့် လက်ပိုက်ကြည့်နေကြပါသနည်း။ ။

မစ္စတာ ပရာ့(စ်)ဂီမီရေးအား မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါဖယ်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ပရာ့(စ်)ဂီမီရေးအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ပရာ့(စ်)ဂီမီရေးသည် ၁၉၅၆ ခုနှစ် မတ် ၈ ရက်တွင် မွေးဖွားခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် နီပေါနိုင်ငံရှိ ထရီဘူဗန်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ ၁၉၉၀ ခုနှစ်တွင် ပြင်သစ်နိုင်ငံရှိ ပါရီတက္ကသိုလ်မှ နိုင်ငံတကာ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုဆိုင်ရာ မဟာဘွဲ့တို့ကိုရရှိခဲ့သည်။ ထို့နောက် ၁၉၈၃ ခုနှစ်တွင် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်အမှုထမ်းဆောင်ခဲ့ပြီး အိန္ဒိယ၊ ဂျပန်၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ နီပေါသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလမှ ယနေ့အထိ နီပေါနိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွဲဖက်အတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦးရှိသည်။

(သတင်းစဉ်)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မြတ်ဦး ပြည်သူ့စစ်အဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီးကျေးရွာ ပြည်သူ့စစ်လက်နက်တပ်ဆင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၇

ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီးကျေးရွာ ပြည်သူ့စစ်လက်နက်တပ်ဆင်ပွဲအခမ်းအနားကို မေ ၆ ရက် နံနက်ပိုင်းတွင် ဒက္ခိဏာရာမကျောင်း မဟာဝိဇယမဏ္ဍပ်၌ ကျင်းပရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မြတ်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်အဖွဲ့အား လက်နက်/ ခဲယမ်းများ တပ်ဆင်ပေးကာ ထောက်ပံ့ငွေကျပ် ၁၂ သိန်းတိတိအား ထပ်မံပေးအပ်ခဲ့ပြီး ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီး အမှတ်တရဓာတ်ပုံရိုက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူး၊ တာလောကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့မှ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်လာသူ ၅၀ အပါအဝင် ပြည်သူ့စစ်အဖွဲ့ ၂၀၀ နှင့် ဒေသခံပြည်သူ ၁၅၀၀ ကျော် တက်ရောက်ကြသည်။

နိုင်ငံတော်အစိုးရ၏ စေတနာနှင့် ဒေသခံတိုင်းရင်းသားပြည်သူအများစု၏ လိုလားချက်ဆန္ဒဖြစ်သည့် ငြိမ်းချမ်းရေးကို လျစ်လျူရှု၍ အဖျက်အမှောင့်လုပ်ရပ်များ၊ အပြစ်မဲ့ဝန်ထမ်းများနှင့် ဒေသခံများအပေါ် အကြမ်းဖက်လုပ်ရပ်များ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသအတွင်း အပြစ်မဲ့ပြည်သူများအား အဓမ္မလူသစ်စုဆောင်း၍ လိုအပ်သည့် အထောက်အပံ့နှင့် အစီအမံများမပေးဘဲ အသေခံတိုက်ပွဲဝင်ခိုင်းနေသည့် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်များအပေါ် သည်းမခံနိုင်တော့သဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာသော ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ တာလောကြီးကျေးရွာမှ တပ်ကြပ်အဆင့်ရှိကျော်ဆန်း ဦးစီး အလင်းဝင် ၅၀ တို့၏ မိမိရပ်ရွာ မိမိကာကွယ်နိုင်ရန် ထက်သန်သော စိတ်ဓာတ်ဖြင့် တောင်းဆိုတင်ပြချက်အရ လည်းကောင်း၊ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့၏ လုပ်ရပ်အပေါ် ပြတ်ပြတ်သားသားဆန့်ကျင်၍ ရပ်ရွာနှင့် မိသားစုဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးရန် တာလောကြီးကျေးရွာသူ ကျေးရွာသားများ၏ တောင်းဆိုချက်အရ လည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး၏ အစီအစဉ်ဖြင့် ယခုကဲ့သို့ လက်နက်များ ပြန်လည်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား နိုင်ငံတကာ အားကစား

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီအား တစ်ပတ်လုပ်ခ ပေါင် ၂၅၀၀၀၀ ဖြင့် မန်စီးတီးအသင်းကမ်းလှမ်း



မန်စီးတီးအသင်းက တစ်ပတ်လုပ်ခ ပေါင် ၂၅၀၀၀၀ ဖြင့် ကမ်းလှမ်းထားသည့် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ။

မန်ချက်စတာ မေ ၇

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်အားကို မြှင့်တင်ရန် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီအား ကမ်းလှမ်းခဲ့ပြီး ဗန်ပါစီအား တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀ ပေးရန်လည်း ပြင်ဆင်ထားကြောင်း လူသိရှင်ကြားပြောကြားလိုက်သည်။

ယခုနှစ် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ်(ပီအက်ဖ်အေ)၏ အကောင်းဆုံးကစားသမားဆုရှင် အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် လက်ရှိ အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်သက်တမ်းကျန်ရှိနေပြီး မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီကမူ ဆာဂျီရိုကွန်အဂူရို၊ ဒီဇစ်ကို၊ ကားလို့တီဗက်ဇ်နှင့် ဘာလော့တယ်လီတို့နှင့်အတူ မန်စီးတီး၏ တိုက်စစ်ကို အကောင်းဆုံးပုံဖော်ပေးနိုင်ရေးအတွက် ဗန်ပါစီအား ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ထို့ကြောင့် ဒတ်ချ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ အီတီဟတ်ဒ်ကွင်းသို့ ရောက်ရှိရေးအတွက် ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်ထားသည်ဟု မန်စီးတီးအသင်းနည်းပြ မန်စီနီက ပြောကြားခဲ့ကြောင်း Daily Star က သတင်းဖော်ပြသည်။

အာဆင်နယ်အသင်းကမူ အသင်း၏ တိုက်စစ်အားကို အားသစ်လောင်းရန် ဂျာမနီကြယ်ပွင့် လူကတ်စ်ပိုဒိုလ်စကီအား ခေါ်ယူခဲ့သော်လည်း ဗန်ပါစီ အာဆင်နယ်အသင်းမှ ထွက်ခွာရေးမှာ မသေချာကြောင်း ဆိုသည်။

လက်ရှိကလပ်နှင့် စာချုပ်တစ်နှစ်ကျန်ရှိနေသော ဗန်ပါစီနှင့် အာဆင်နယ်အသင်းတို့အကြား ဆွေးနွေးမှုများ ပြုလုပ်ထားသော်လည်း မန်စီးတီးအသင်းက ဗန်ပါစီအား ခေါ်ယူနိုင်ရေး ကမ်းလှမ်းလာခဲ့သည်။

အင်တာနက်။

ချန်ပီယံလိဂ်ဖလားက ဒီမတ်တီယို၏ အနာဂတ်ဟုဆို

လန်ဒန် မေ ၇

ချယ်လ်ဆီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဖလားနှစ်လုံး ပိုင်ရှင်ဖြစ်လာရေးကြိုးပမ်းလျက်ရှိရာ မေ ၅ ရက်က ဝင်ဘလေကွင်း၌ လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လီဗာပူးအသင်းအား အနိုင်ရရှိခဲ့ပြီး အက်ဖ်အေဖလားကို ကိုင်မြှောက်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ ပထမမျှော်လင့်ချက် ပြည့်ဝသွားပြီဖြစ်သလို နည်းပြဘိုအာ့စ် ထွက်သွားပြီးနောက် ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခွင့်ရရှိခဲ့သည့် ယာယီနည်းပြရောဘတ်တို ဒီမတ်တီယို၏ အမြဲတမ်းနည်းပြဖြစ်လာရေး အနာဂတ်မျှော်လင့်ချက်မှာလည်း ရောင်နီသန်းလာခဲ့သည်။

ယခုတစ်ကြိမ်ရရှိသော အက်ဖ်အေဖလားသည် ချယ်လ်ဆီးအသင်း၏ ခြောက်နှစ်တာကာလအတွင်း လေးကြိမ်မြောက်ရရှိသော ဖလားဖြစ်သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် ဥရောပ ဘောလုံးရာသီကုန်ဆုံးချိန် မေ ၁၉ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ရမည့် ချန်ပီယံလိဂ်ဖလားကို ရရှိခဲ့ပါက လက်ရှိယာယီနည်းပြ ရောဘတ်တိုဒီမတ်တီယိုအား အမြဲတမ်းမန်နေဂျာတစ်ဦးအဖြစ် ခန့်အပ်မည်ဟု ဆိုသည်။

ချယ်လ်ဆီးအသင်း၌ လက်ရှိခြေစွမ်းပြကစားလျက်ရှိသော အသင်းခေါင်းဆောင် ဂျွန်တယ်ရီ၊ လမ်းပတ်၊ အက်ရှ်လေကိုး၊ တောရက်စသည့်ကစားသမားများကလည်း နည်းပြဒီမတ်တီယိုအား အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန် တောင်းဆိုနေသူများဖြစ်ရာ ရာသီသိမ်းချိန်တွင် ချန်ပီယံလိဂ်ဖလားရယူနိုင်ရန် အစွမ်းကုန်ကြိုးစားမည်ဟုလည်းဆိုခဲ့သည်။

ချယ်လ်ဆီးအသင်း ယာယီနည်းပြ ဒီမတ်တီယို။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ဖလားနှစ်လုံးပိုင်ရှင်ဖြစ်ကာ ယာယီနည်းပြ ဒီမတ်တီယိုအား အမြဲတမ်းနည်းပြဖြစ်လာရေးမှာ မေ ၁၉ ရက် ချန်ပီယံလိဂ်ဗိုလ်လုပွဲက အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ခြင်းကြောင့် ဒီမတ်တီယိုနှင့် ကစားသမားများက အားကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားခြင်းများလည်းရှိကြောင်း မေ ၇ ရက် သတင်းများက ဖော်ပြသည်။ ***အင်တာနက်။***

နိုင်လင်းကြည်

ဘောလုံးလောကသတင်းတိုများ

- *စပိန်ကလပ် ဘာစီလိုနာအသင်း၏ နည်းပြဖြစ်လာမည့် တီတိုဗီလာနိုဗာသည် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်တွင် အသင်း၏ ကနဦး စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားသည့် ဦးစားပေးကစားသမားမှာ အေစီမီလန်နောက်ခံလူ သီယာဂိုဆေးလ်ဗား ဖြစ်သည်ဟု ဆိုသည်။*
- *ဖူလ်ဟမ်တိုက်စစ်မှူး အမေရိကန်ကြယ်ပွင့် ဒမ်ဆေးအား လီဗာပူးအသင်းနည်းပြက ခေါ်ယူစာချုပ်မည် ဆိုသည့်သတင်း ထွက်ပေါ်လာပြီးနောက် အာဆင်နယ်အသင်းကလည်း ဒမ်ဆေးအား ခေါ်ယူနိုင်ရေးအတွက် လီဗာပူးအသင်းနှင့်အပြိုင် ကြိုးပမ်းမည်ဟု ဆိုသည်။*
- *စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် လာမည့် ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲများအတွက် ကစားသမားကောင်းများ ရွေးချယ်ခေါ်ယူမည်ဟုဆိုသည်။*
- *စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် စီးရီးအေကလပ် နာပိုလီအသင်းမှ နောက်တန်းကစားသမား ဖီဒါရီကို ဖာနန်ဒက်ဇ်အား နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်ထားသည်ဟု ဆိုသည်။*
- *ချန်ပီယံရှစ် တန်းတက်အသင်းဖြစ်သော ရီးဒင်းအသင်းသည် ဝက်ဖို့ဒ်အသင်းမှ နောက်တန်းကစားသမား အက်ဒရီယန်မာရီယပ်ပါအား ပြောင်းရွှေ့ကြေး ပေါင် ၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သိရသည်။*
- *ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုက ယခုနှစ်နွေရာသီတွင် ချယ်လ်ဆီးအသင်း အနေဖြင့် ဂွန်ဇာလိုဟီဂူအင်အား ချယ်လ်ဆီးအသင်းသို့ ရောက်ရှိရေးကြိုးပမ်းနေခြင်းကို မေ့ထားရန် ချယ်လ်ဆီးအသင်းအား အသိပေးပြောကြားလိုက်သည်ဟု ဆိုသည်။*
- *အဲဗာတန်အသင်းသည် ဝက်စ်ဘရွန်းနောက်ခံလူ ဂျိုနက်စ်အိုလ်ဆင်အား နွေရာသီကာလတွင် ခေါ်ယူရန် စောင့်ကြည့်မှုများ ပြုလုပ်နေသည်ဟု ဆိုသည်။*

၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၇

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာစစ်တုရင်တံခွန်စိုက်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပွဲစဉ်(၇)အပြီးတွင် အုန်းကျော်(ပြည်ထဲရေးဝန်ကြီးဌာန) က (၅)မှတ်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး ဇော်ဝင်းလေး(လယ်/ဆည်)နှင့် ကိုကိုကြီး (မန္တလေး)တို့က လေးမှတ်ခွဲစီဖြင့် ဒုတိယ၊ မြင့်ဟန်(ပို့ဆောင်ရေး)နှင့် နေဦးကျော်ထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)တို့က လေးမှတ်စီဖြင့် တတိယ၊ အောင်နိုင်(ကာကွယ်ရေးဝန်ကြီးဌာန)၊ လင်းနိုင်ဦး (ပို့ဆောင်ရေး)နှင့် ငြိမ်းချမ်း(လယ်/ဆည်)တို့က သုံးမှတ်ခွဲစီဖြင့် စတုတ္ထလိုက်နေကြသည်။

ပြိုင်ပွဲကို မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ယင်းပြိုင်ပွဲခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပထမဦးဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်များကို ဤပြိုင်ပွဲမှ ရွေးချယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့သမဝါယမ မိတ်သဟာရဖွံ့ဖြိုးတိုးတက်ရေးအသင်း ဖွဲ့စည်းမည်

ရန်ကုန် မေ ၇

သမဝါယမဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဝန်ထမ်းများ၊ သမဝါယမအသင်းများ၊ အသင်းစုချုပ်များနှင့် သမဝါယမဘဏ်၊ သမဝါယမ တက္ကသိုလ်/ကောလိပ်၊ သင်တန်းကျောင်းများမှ ဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသူများနှင့် အငြိမ်းစားယူသွားသူများ၊ နုတ်ထွက်သွားသူများ၊ အနားယူသွားသူများအားလုံး ပါဝင်နိုင်သည့် သမဝါယမမိတ်သဟာရဖွံ့ဖြိုးတိုးတက်ရေးအသင်း ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မေ ၆ ရက်တွင် ရန်ကုန်မြို့ ဆရာစံပလာဇာတွင် ကျင်းပခဲ့သည့် မြန်မာ့သမဝါယမမိတ်သဟာရ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဖွဲ့စည်းရေးအခမ်းအနားမှ သိရသည်။

အဆိုပါအသင်းကို ဖွဲ့စည်းဆောင်ရွက်ရာတွင် နာယကအဖွဲ့အဖြစ် သမဝါယမဝန်ကြီး(ငြိမ်း)၊ ဗဟိုသမဝါယမအသင်း၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌနှင့် သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း စသည့် ဌာနအသီးသီးမှ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးများပါဝင်သည့် ပုဂ္ဂိုလ် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့တွင် သမဝါယမဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ ဗဟိုသမဝါယမအသင်းလီမိတက် ဒုတိယဥက္ကဋ္ဌ(၁)က ဒုတိယဥက္ကဋ္ဌအဖြစ် ဦးဆောင်ကာ ကျန်အငြိမ်းစားအရာရှိကြီးများပါဝင်သော ၅၅ ဦးဖြင့် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဟုသိရသည်။

အသင်းဖွဲ့စည်းရသည့် အဓိကရည်ရွယ်ချက်မှာ အသင်းသားအချင်းချင်းတို့၏ ကိုယ်တိုင်နှင့် မိသားစုများ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကိစ္စရပ်များကို ရိုင်းပင်းကူညီဆောင်ရွက်နိုင်ကြစေရန်၊ အသင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံဆုံစည်းနိုင်စေရန်၊ ဘာသာရေးဆိုင်ရာကိစ္စများကို စုပေါင်းအားဖြင့် ကုသိုလ်ပြုလုပ်နိုင်ကြစေရန်၊ သမဝါယမပညာပြန့်ပွားရေးလုပ်ငန်းကို လူထုအတွင်း အခါအားလျော်စွာ ဆောင်ရွက်သွားစေနိုင်ရေးတို့ကို ရည်ရွယ်ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထက်ခိုင်(စမ်းချောင်း)

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူ

နေပြည်တော် မေ ၇

၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြုမဟာသိပ္ပံသင်တန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံသင်တန်းများနှင့် ဆေးဝါးမဟာသိပ္ပံသင်တန်းဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူထားကြောင်း သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ဇူလိုင် ၃၁ ရက် နောက်ဆုံးပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

တောင်ငူခရိုင်အတွင်း ဓာတ်လိုက်သေဆုံးမှုများ ဖြစ်ပွား

ရေတာရှည် မေ ၇

တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်မြို့နယ် အုတ်တွင်းမြို့နယ် ဖြူးမြို့နယ်တို့တွင် ဓာတ်လိုက်သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြူးမြို့နယ် ဇေယျဝတီမြို့ လင်းယောခင်ကျေးရွာအုပ်စု၊ တံတားဦးရပ်ကွက် ကားလမ်းအနောက်ဘက်တဲစုတွင် မေ ၃ ရက် နံနက် ၇ နာရီ ၃၅ မိနစ်ခန့်က လျှပ်စစ်တာဝါတိုင်အမှတ် (၅၀၈) ပေါ်မှ လူတစ်ဦးပြုတ်ကျ သေဆုံးနေကြောင်း သိရှိရ၍ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ တံတားဦး ရပ်ကွက်နေ ဝင်းနိုင် (ခ) ဘရာကား ၂၂နှစ် (ဘ)ဦးဂီရိကူးမာ ဆိုသူဖြစ်ကြောင်း သိရပြီး ခန္ဓာကိုယ်ယာဘက်တစ်ခြမ်းလုံး အရေပြားလန်၍ ညိုမည်းပွန်းပဲ့ဒဏ်ရာ၊ ပါးစပ်မှ သွေးထွက်ဒဏ်ရာ၊ လက်မောင်းအရိုးကျိုးဒဏ်ရာများရရှိကာ သေဆုံးလျက် တွေ့ရှိရသည်။ ၎င်းသည် လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက စိတ်ကျန်းမာရေးချို့တဲ့သူ တစ်ဦးဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဇေယျဝတီရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၂/၂၀၁၂)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ မေ ၅ ရက် နံနက် ၆ နာရီခွဲခန့်က အုတ်တွင်းမြို့နယ် နတ်စင်ကုန်းကျေးရွာအုပ်စု သရက်ကုန်းရွာထိပ် အုတ်တွင်း - ပေါက်ခေါင်းရိုးမ ဖြတ်ကျော်ကားလမ်း မိုင်တိုင်အမှတ်(၁၂၂/၇)အနီးတွင် ဓာတ်တိုင်ပေါ်မှလျော့ကျနေသော ဓာတ်ကြိုးကို ဆိုင်ကယ်စီးနင်းသူများက နင်းမိရာမှ တစ်ဦးသေဆုံး၍ နောက်မှလိုက်ပါလာသူနှင့် ဝင်ရောက်ကူညီသူများပါ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ကြွယ်ဂံကျေးရွာနေ ဦးခင်မောင်မြင့် (၅၂)နှစ် မောင်းနှင်၍ နောက်မှ ဦးလှရွှေ(၇၃)နှစ် လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက် လျော့ကျနေသော ဓာတ်ကြိုးကိုတိုက်မိရာက ဆိုင်ကယ်မောင်းနှင်သူ ဦးခင်မောင်မြင့်မှာ နေရာတွင်ပင်သေဆုံးသွားခဲ့ပြီး နောက်မှလိုက်ပါလာသူ ဦးလှရွှေမှာ ဘေးကိုလွင့်စဉ်၍ ဒဏ်ရာများရရှိသွားခဲ့သည်။ ထိုအချိန်တွင် ဆိုင်ကယ်များဖြင့် နောက်မှလိုက်ပါလာကြသော တစ်ရွာတည်းနေ ဦးဝင်းမြင့် (၅၂)နှစ်၊ ဦးသောင်း(၅၅)နှစ်တို့က ဓာတ်လိုက်နေသည့် ဦးခင်မောင်မြင့်ကို ကူညီပြီးဝိုင်းဆွဲစဉ် ၎င်းတို့ကိုပါ ဓာတ်လိုက်သဖြင့် ဒဏ်ရာများရရှိသွားခဲ့သည်။

ထို့အတူ မေ ၅ ရက် နံနက် ၁၀ နာရီခွဲခန့်က ရေတာရှည်မြို့နယ် (တောင်)နန်ချွန်ကျေးရွာအနီး ရန်ကုန် - မန္တလေးကားလမ်း၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာရှိ (၃၃)ကေဗွီ ၃၃၀၀၀ ဗို့အား လျှပ်စစ်ဓာတ်အားတာဝါတိုင်တွင် ချုံနွယ်များ ရှင်းလင်းစဉ် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကေတုမတီမြို့သစ်မှ လျှပ်စစ်ဝန်ထမ်းတစ်ဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ကေတုမတီ လျှပ်စစ်ဓာတ်အားခွဲရုံ မြို့နယ်မန်နေဂျာဦးအောင်စိုး ဦးစီးသော အဖွဲ့မှ ကိုမြင့်နိုင်(၄၅)နှစ် (ဘ)ဦးဝင်းစိန် လျှပ်စစ်ဝန်ထမ်း ဥသျှစ်ကုန်းရွာ တောင်ငူမြို့နေသူသည် တာဝါတိုင်အားတက်၍ ရှင်းလင်းစဉ် ဓာတ်လိုက်ခံရပြီး ယာလက်မောင်းမီးလောင်ဒဏ်ရာ၊ ယာနားမှသွေးထွက်ဒဏ်ရာများဖြင့်သေဆုံးသွားခဲ့သည်။ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၂ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၅၇၈)

သူငယ်ချင်းနှစ်ဦး ရေဆင်းကူးရာမှ တစ်ဦးရေနစ်သေဆုံး

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် (၇)နံပါတ်နှင့် (၈) နံပါတ် ဆန်စက်ဝင်းအတွင်းနေကြသူ သူငယ်ချင်းနှစ်ဦးဖြစ်သည့် မောင်ကျော်နိုင်နှင့် မောင်ဇော်မင်းလွင်တို့သည် ဖန်စက်လမ်း မြစ်ဆိပ် လှိုင်မြစ်အနီးတွင် မွန်းတည့် ၁၂ နာရီက ရေဆင်းကူးကြရာတွင် မောင်ကျော်နိုင် အသက် (၁၈)နှစ်မှာ ရေနစ်သေဆုံးသွားခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ အလောင်းအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ပြီး အင်းစိန်ရဲစခန်းမှ ဒုရဲအုပ်လွှန်းအောင်ဆန်းက သေမှုသေခင်းအမှတ် ၂၈/၁၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၈၄)

နိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်များကို(ဘတ်စ်ကားမှအပ) တင်သွင်းခွင့်ပြုမည်

နေပြည်တော် မေ ၇

အနာဂတ်ကာလတွင် နိုင်ငံတော်ရှိ ပြည်သူပြည်သားများအနေဖြင့် မော်တော်ယာဉ်အရောင်းပြခန်း Show Room များမှာဖြစ်စေ၊ နိုင်ငံခြားမှ မှာယူတင်သွင်း၍ဖြစ်စေ မိမိတတ်နိုင်သော ငွေကြေးဖြင့် လွတ်လပ်စွာ ဝယ်ယူသုံးစွဲနိုင်သည်အထိ စီစဉ်ဆောင်ရွက်ရန်ဆိုသည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ မိမိတို့ တစ်ဆင့်ပြီးတစ်ဆင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဆောင်ရွက်မည့် အစီအစဉ်မှာ အငှားယာဉ် (Taxi) များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေး(၃/၂၀၁၂)တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားများအနေဖြင့် မော်တော်ယာဉ်လွတ်လပ်စွာ ဝယ်ယူခွင့်ရရှိရေးအတွက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့၌ နိုင်ငံခြားငွေ ဘဏ်စာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်များကို (ခရီးသည်တင်ဘတ်စ်ကားများမှအပ) ဘယ်မောင်း/ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ မြို့တော်အငှားယာဉ်(City Taxi) များ၏ ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေးအတွက် ဘယ်မောင်း/ညာမောင်းမခွဲခြားဘဲ ၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏စစ်ဆေးထောက်ခံချက်ဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး(၃/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

သက်ထွေး

နံနက်စာစားချိန်၌ အရည်လုံလုံလောက်လောက်မသောက်၍ ကလေးငယ်သုံးပုံနှစ်ပုံ၌ ရေဓာတ်ခန်းခြောက်မှုများရှိ

ကလေးငယ်သုံးပုံနှစ်ပုံနီးပါးသည် နံနက်စာစားချိန်တွင် သင့်တင့်မျှတသည့် ရေဓာတ်ကိုရရှိရန် လုံလုံလောက်လောက် သောက်သုံးခြင်းမရှိကြကြောင်း လေ့လာချက်တစ်ရပ်က ဆိုသည်။

ရှဖီးလ်ရှိ သုတေသနပညာရှင်များက အင်္ဂလန်နိုင်ငံရှိ အသက် ကိုးနှစ်နှင့် (၁၁)နှစ်ကြားရှိ ကလေးငယ် ၄၅၀ ကျော်တို့ကို လေ့လာဆန်းစစ်ခဲ့ကြသည်။ ယင်းလေ့လာချက်အရ ကလေးငယ် ၆၀ ရာခိုင်နှုန်းသည် ရေဓာတ်လုံလောက်မှုမရှိသည့် အဆင့်တွင်ရှိသည်။ ယင်းအဆင့်သည် ဆေးဝါးကုသရန်လိုသော ရေဓာတ်ခန်းခြောက်မှုအောက်နားတွင် ရှိသည်။

ရှဖီးလ်ဆေးတက္ကသိုလ်မှ အဖွဲ့တစ်ဖွဲ့က ကလေးငယ်များ ကျောင်းသို့မသွားမီ စားသောက်ကြပုံကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ၎င်းတို့က ရေဓာတ်ပါဝင်မှုကို အဓိကညွှန်ပြသည့် ကလေးငယ်များ၏ ဆီးနမူနာများကိုလည်း လေ့လာခဲ့ကြသည်။

လေ့လာတွေ့ရှိချက်များအရ ကလေးငယ်များသည် မနက်ခင်းတစ်ခုလုံးအတွက် ရေဓာတ်ကို လုံလုံလောက်လောက် ထိန်းသိမ်းထားနိုင်သည့် တစ်နေ့တာ၏အစတွင် လုံလောက်သော အရည်သောက်သုံးမှုမရှိကြသည်ကို တွေ့ရှိရကြောင်း ပါရီရှိ ဒီစကာတီဆေးတက္ကသိုလ်မှ ပါမောက္ခ ဂျရတ်ဖရက်လန်ဒါက အကြံပြုပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့က မြန်မာနိုင်ငံအပေါ် ပိတ်ပင်တားမြစ်ချက်အချို့နှင့် စပ်လျဉ်း၍ ရပ်ဆိုင်းကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၇

မြန်မာနိုင်ငံ၏ လက်ရှိအစိုးရအဖွဲ့သစ်အနေဖြင့် စတင်တာဝန်ယူချိန်မှအစပြု၍ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပြီး နိုင်ငံတော်သစ်တည်ဆောက်ရန်နှင့် ဒီမိုကရေစီစနစ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်ဦးတည်လျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အချိန်တိုအတွင်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ထိုထိုသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ ထိရောက်အောင်မြင်မှုများကြောင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများနှင့် စပ်လျဉ်း၍ ပြည်ပနိုင်ငံများက ဖြေလျှော့မှုများကို ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်သည်။

ယခုအခါ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ငွေကြေးလွှဲပြောင်းပေးပို့မှု ကန့်သတ်ချက်အချို့အား လျှော့ပေါ့ပေးခြင်းနှင့် ပတ်သက်၍ ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည့်နည်းတူ ကနေဒါနိုင်ငံကလည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုအများစုအား ရပ်ဆိုင်းကြောင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းတစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ပပိုင်ဆိုင်မှုထိန်းချုပ်ရေးဌာနအနေဖြင့် မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ၊ ဘာသာရေးဆိုင်ရာလုပ်ငန်းများနှင့် အခြားအမြတ်အစွန်းရရှိရေးအတွက်မဟုတ်သော လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ခွင့်ပြုသည့် General License No.14-C ကို ဧပြီ ၁၇ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ကြေညာချက်တွင် မြန်မာနိုင်ငံ၌ အခြေခံလူတန်းစားလိုအပ်ချက်များ၊ ကျန်းမာရေး၊ ပညာရေး၊ တရားဥပဒေစိုးမိုးရေး၊ အားကစားဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် ပြည်သူများအား တိုက်ရိုက်အကျိုးသက်ရောက်မည့် စီးပွားရေးလုပ်ငန်းမဟုတ်သော ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့၌ ငွေကြေးလွှဲပြောင်းမှုများကို ခွင့်ပြုခဲ့သည်။

အလားတူ ကနေဒါနိုင်ငံကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများအပေါ် ထောက်ခံအားပေးသည့်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ်ပိတ်ဆို့မှုအများစုကို ဧပြီ ၂၄ ရက်က ပြင်ဆင်ပြောင်းလဲသည့် စည်းမျဉ်းအမိန့်တစ်ရပ်ထုတ်ပြန်ပြီး ဖယ်ရှားခဲ့သည်။ ယင်းပြင်ဆင်ချက်အရ ကုန်ပစ္စည်းတင်သွင်းမှု၊ တင်ပို့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် ပိတ်ပင်တားမြစ်ထားချက်များ၊ သင်္ဘောများ၊ လေယာဉ်များ ဆိုက်ကပ်၊ ဆင်းသက်၊ ရပ်နားမှုအပေါ် တားမြစ်ထားချက်များနှင့် ဘဏ္ဍာရေးငွေကြေးဝန်ဆောင်မှုပေးအပ်ခြင်း၊ ရယူခြင်းအပေါ် ပိတ်ပင်တားမြစ်ထားချက်များကို ဖယ်ရှားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ကာလအပိုင်းအခြားသတ်မှတ်ဖော်ပြခြင်းမပြုဘဲ ပိတ်ပင်တားမြစ်ချက်အချို့ကို ယခုကဲ့သို့ ပြင်ဆင်ထုတ်ပြန်ကာ ဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် မူတည်၍ ကနေဒါနိုင်ငံ၏မူဝါဒကို အပြုသဘောပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

❛ စာပေနှင့်ပတ်သက်၍ လိုလေသေးမရှိ ပြည့်စုံသည့် ယနေ့ခေတ်ကာလ၌ လူငယ်များအနေဖြင့် စာပေကို လေ့လာလိုက်စားဖတ်ရှုသင့်ပေသည်။ ❜

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ - ၂

ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ဖော်ဆောင်ရေးဆိုင်ရာ အစပျိုးဆွေးနွေးပွဲ ကျင်းပ

ပြည်တွင်းသတင်း စာမျက်နှာ - ၉

လန်ဒန်အိုလံပစ်ပွဲတော်အား ခြိမ်းခြောက်လာသည်ဟု ယူဆရပါက ပစ်ချရန် ဗြိတိန်ပြင်ဆင်ထား

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

ထူးခြားသည့် နေ့အပူချိန်များ (၇-၅-၂၀၁၂)	
ချောက်	၄၃ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၇-၅-၂၀၁၂)	
မြဝတီ	၆ ဒသမ ၂၂ လက်မ
ကော့ကရိတ်	၃ ဒသမ ၅၈ လက်မ
ကျိုက္ခမီ	၂ ဒသမ ၉၅ လက်မ
ရွှေကျင်	၂ ဒသမ ၈၇ လက်မ